ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 19 March 2024 ၁၁၄၀၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ထိန်းသိမ်းသွားကြရန် မဖြစ်မနေလိုအပ်သည့်အချိန်ဖြစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၄ ခုနှစ်၊ မတ်လ ၁၉ ရက်)

**ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား**

ယနေ့ ၂၀၂၄ ခုနှစ်၊ မတ်လ (၁၉)ရက်နေ့တွင် ကျရောက်သည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မွန်ပြည်နယ်နေ့ မင်္ဂလာနေ့ထူးနေ့မြတ်အခါသမယ၌ မွန်ပြည်နယ်နှင့် ဒေသအသီးသီးတွင် ရောက်ရှိနေကြသော မွန်တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာသုခချမ်းသာကြ၍ ကောင်းကျိုးလိုအင်ဆန္ဒများပြည့်ဝလျက် ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မွန်တို့ဌာနေ ရာမညမြေဖြစ်သော မွန်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့သည်မှာ ၂၀၂၄ ခုနှစ်၊ မတ်လ(၁၉)ရက်နေ့တွင် နှစ်(၅၀)ပြည့်မြောက်ပြီဖြစ်ပါသဖြင့် ရွှေရတုအထိမ်းအမှတ်နှစ်အဖြစ် သမိုင်းဝင်မော်ကွန်းတင်ပြီး အောင်လံစိုက်ထူ ကမ္ပည်းရေးထိုးနိုင်ခဲ့ပြီဖြစ်ပါသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐



## နောင်တရားမြို့၌ ဆောင်းသီးနှံကြက်သွန်ဖြူ စတင်ရိတ်သိမ်းချိန်တွင် ပုံမှန်ဈေးရရှိနေ

နောင်တရား မတ် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးသည့် ကြက်သွန်ဖြူ စတင်ရိတ်သိမ်းချိန်တွင် ပုံမှန်ဈေးရရှိလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့ ❖

## ပေါက်ခေါင်းမြို့နယ်၌ နွေစပါးဧက ၉၅၀၀ ကျော် စိုက်ပျိုးပြီးစီး

ပေါက်ခေါင်း မတ် ၁၈

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ စားရေရိက္ခာဖူလုံရေးနှင့် ဒေသတွင်းဝမ်းစာဖူလုံရေးအတွက် နွေစပါးစိုက်ပျိုးရန် ၁၁၄၂၄ ဧက လျာထားခဲ့ရာ မတ် ၁၅ ရက်တွင် ၉၅၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပေါက်ခေါင်းမြို့နယ်တစ်ခုလုံးအနေဖြင့် နွေစပါးစိုက်ပျိုးနိုင်သည့် ရပ်ကွက်၊ ကျေးရွာ ၂၁ ခုရှိပြီး နွေစပါးစိုက်ပျိုးပြီးစီးမှု ၈၃ ဒသမ ၈၈ ရာခိုင်နှုန်းအထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✻



ယနေ့ ဖတ်စရာ

ချွေတာသုံးစွဲကြပါ ရွှေပြာ — ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) သတ္တမနေ့တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူမှုရေးသိပ္ပံဘာသာရပ်ဖြေဆိုရန် စာရင်းပေးသွင်းသူ နှစ်ဦးရှိပြီး တစ်ဦး လာရောက်ဖြေဆို — စာမျက်နှာ » ၁၂

ရုရှားနိုင်ငံ၏ ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဗလာဒီမာပူတင် သောင်ပြိုကမ်းပြို အနိုင်ရရှိ — စာမျက်နှာ » ၁၃

ကြေးမုံ

# အကြမ်းဖက်ရက်စက်မှုများ ဆန့်ကျင်ရှုတ်ချ

မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းတစ်လျှောက်တွင် အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်နှင့် ပြည်သူတို့ကို နှောင့်ယှက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသည်။ နိုင်ငံအတွင်းရှိ အများပြည်သူအသုံးပြုလျက်ရှိသည့် အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ပြည်သူများအား ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ယခုရက်ပိုင်းအတွင်း အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ယုတ်မာသော လုပ်ရပ်များကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့ကြားသိနေရသည်။

AA သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်းရှိအစွန်အဖျားမြို့ရွာများကို တိုက်ခိုက်ဖျက်ဆီးမှုများ ကျူးလွန်လျက်ရှိရာမှ စစ်တွေမြို့ပေါ်ရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်ပျက်စီးစေရန်၊ စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်စေရန်၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် မြို့ပေါ်ရှိ ရပ်ကွက်၊ ကျေးရွာများနှင့် လူစည်ကားသောနေရာများကို ဒရုန်းဗုံးများ ပစ်ချတိုက်ခိုက်ခြင်း၊ အဝေးမှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းတို့ကို ကျူးလွန်ခဲ့ကြရာ အခြေခံအဆောက်အအုံများနှင့် ဒေသခံပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများဖြစ်ခဲ့ရသည်။

ဖေဖော်ဝါရီလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မဈေးအနီးရှိ ဒေသအခေါ်အဝေါ် ကိုရီးယားဆိပ်ကမ်းဈေးအတွင်းသို့လည်းကောင်း၊ မတ်လ ၉ ရက်နေ့ ညပိုင်းတွင် စစ်တွေမြို့ ကသဲရပ်ကွက်အတွင်းသို့လည်းကောင်း၊ မတ်လ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့နယ် ပါဒလိပ်ကျေးရွာရှိ အမှတ်(၇)အခြေခံပညာအထက်ကျောင်းအနီးသို့လည်းကောင်း၊ မတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် စစ်တွေမြို့နယ် ရွှေပြည်သာကျေးရွာအတွင်းရှိ စာသင်ကျောင်းကိုလည်းကောင်း၊ မတ်လ ၁၆ ရက်နေ့ နံနက် ၁ နာရီခန့်တွင် ပုဏ္ဏားကျွန်းဘက်မှ စစ်တွေမြို့ စက်ရုံစု(၂) ကုန်းဘောင်ရပ်ကွက်အတွင်းသို့ AA သောင်းကျန်းသူများက ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။

AA အကြမ်းဖက်သောင်းကျန်းသူများက စစ်တွေမြို့ပေါ် မြို့ရွာများအတွင်း ဒရုန်းဗုံးများ၊ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် ဒေသခံပြည်သူ ၁၈ ဦးသေဆုံးခဲ့ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူ နှစ်ဦး အပါအဝင် ဒေသခံပြည်သူ ၄၇ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည့်အပြင် စာသင်ကျောင်းများ၊ လူနေအိမ်နှင့် ဌာနဆိုင်ရာအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ခဲ့သည်။ တပ်မတော်နှင့်အဖွဲ့အစည်းများက ဒေသခံပြည်သူများကို ကူညီစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများကို ရှာဖွေချေမှုန်းလျက်ရှိသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် လူမျိုးစုအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ အာဏာရှင်တိုက်ဖျက်ရေးဟု ကြွေးကြော်ကာ ပြည်သူများ၏ နေအိမ်အဆောက်အအုံများ၊ အများပြည်သူပိုင် အဆောက်အအုံများကို တိုက်ခိုက်ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သက်သက် တိုက်ခိုက်သတ်ဖြတ်ခြင်းတို့ မကြာခဏ ပြုလုပ်နေသည်ကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့ကြားသိနေရသည်။ အဆိုပါ သောင်းကျန်းသူများသည် ပြည်သူများထံမှ ဆက်ကြေးကောက်ခံခြင်း၊ သယံဇာတများ ထုတ်ယူရောင်းချခြင်း၊ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ခြင်းတို့မှ ငွေကြေးအမြောက်အမြားရရှိပြီး လက်နက်လူသူစုဆောင်း၍ တိုက်ခိုက်ဖျက်ဆီးနေခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်အေးချမ်းသာယာဝပြောရေး၊ ပြည်သူများ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့စေရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာဝပြောမှုကို မရှုဆိတ်မလိုလားနိုင်ဘဲ တိုင်းရင်းသားလူမျိုးအရေး၊ ဒီမိုကရေစီအရေးတို့ကိုအကြောင်းပြ၍ အကြမ်းဖက်လုပ်ရပ်များကို တစိုက်မတ်မတ် လုပ်ကိုင်ကျူးလွန်နေကြသည်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအား နှောင့်ယှက်ဖျက်ဆီးနေသည့် အကြမ်းဖက်သောင်းကျန်းသူများအား ထိထိရောက်ရောက် စွန့်လွှတ်စွန့်စား တားဆီးနှိမ်နင်းလျက်ရှိသည်။

AA သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်ကောင်းစားရေးဟု ကြွေးကြော်ပြီး အဖျက်အမှောင့်လုပ်ရပ်များ လုပ်ကိုင်နေခြင်းသည် အကြမ်းဖက်အဖျက်သမားသက်သက်သာဖြစ်သည်။ စစ်ရေးပစ်မှတ်မဟုတ်သော တည်ငြိမ်အေးချမ်းလျက်ရှိသည့် မြို့ရွာများကို လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခြင်း၊ တိုက်ပွဲများဖော်ဆောင်နေခြင်း၊ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများနှင့် ပညာရေးအဆောက်အအုံများကို တိုက်ခိုက်ခြင်းတို့သည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှုကျူးလွန်သူများဖြစ်၍ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချ တိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့၏ (၅၅)ကြိမ်မြောက် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၁၈

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့၏ (၅၅)ကြိမ်မြောက် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အဆိုပါ စေတီတော်ဂေါပကအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဇော်ဇော်ဦး၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ချီးမြှင့်သော အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြသည်။



ထို့နောက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့၏ စီမံရေးရာဂေါပကက ဆောင်ရွက်ချက်အစီရင်ခံစာ အကျဉ်းချုပ်ကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ဩဝါဒကထာ နာယူကြည်ညိုကြကာ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈- ၃ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၆၀၀ | ၄၆၂ | ၃,၈၇၉,၄၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၁၄,၆၆၈ | ၄၂,၂၁၈,၄၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၈၂ | ၆၃၉,၆၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၄၂၁ | ၆၃၁,၅၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၁၅ | ၃၆,၇၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁၃၂ | ၂၃၃,၅၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၈၁ | ၁,၃၀၀,၇၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၅,၄၈၂ | ၉,၅၉၃,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❒ ရှေ့ဖုံးမှ

မွန်ပြည်နယ်ဟု သတ်မှတ်ခေါ်ဝေါ်ခြင်းမပြုမီ ယခင်က မွန်ပြည်နယ်၏ နယ်မြေများဖြစ်သည့် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့ကို တနင်္သာရီတိုင်း အမှတ်(၁)အဖြစ်လည်းကောင်း၊ ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်တို့ကို တနင်္သာရီတိုင်း အမှတ်(၂)အဖြစ် လည်းကောင်း သတ်မှတ်ဖွဲ့စည်းခဲ့ကြပါသည်။ လွတ်လပ်ရေးရရှိပြီး ၁၉၇၄ ခုနှစ် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တနင်္သာရီတိုင်း အမှတ်( ၁ )အား မွန်ပြည်နယ်အဖြစ် ကမ္ပည်းတင်ရေးထိုးခဲ့သည့် မတ်လ(၁၉)ရက်နေ့ကို မွန်ပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် နှစ်စဉ် ဂုဏ်ပြုကျင်းပပြုလုပ်ခဲ့သည်မှာ ရွှေရတုကာလတိုင်နှစ် (၅၀)ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

မွန်တိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းသို့ အစောဆုံး ဝင်ရောက်နေထိုင်သော လူမျိုးများဖြစ်ပြီး ဂေါတမမြတ်စွာဘုရားရှင် ပွင့်တော်မမူမီကာလကတည်းက သထုံဒေသဝန်းကျင်တွင် သုဓမ္မဝတီနိုင်ငံအဖြစ်တည်ရှိခဲ့ကာ ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုသုခုမပညာများ ပြန့်ပွားခဲ့ပြီး ယနေ့အထိ ထိန်းသိမ်းလျက်ရှိသည့် သမိုင်းကောင်းများမှာ ပြည်နယ်အတွက် ဂုဏ်ယူဖွယ်ရာများဖြစ်ပါသည်။

မွန်ပြည်နယ်သည် ထင်ရှားကျော်ကြားသည့် သာသနာပြု မင်းကောင်းမင်းမြတ်များ၊ ရဟန်းပညာရှိများ၊ လူပညာရှိများ၊ ကျမ်းဂန်တတ်စာပေပညာရှင်များ၊ သူရသတ္တိထက်မြက်သည့် သူရဲကောင်းများ ထွန်းကားခဲ့သော သမိုင်းအစဉ်အလာရှိခဲ့သည့် ပြည်နယ်ဖြစ်သည့်အပြင် မွန်လူမျိုးတို့၏ ဘာသာ စာပေ၊ ယဉ်ကျေးမှုအနုပညာများ အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည့် အစဉ်အလာကောင်းသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

မွန်ပြည်နယ်သည် ပထဝီအနေအထားအရ နိုင်ငံ၏တောင်ဘက်၊ တနင်္သာရီကမ်းမြောင်ဒေသ၏ မြောက်ပိုင်းတွင်တည်ရှိပြီး အရပ်လေးမျက်နှာတွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဘင်္ဂလားပင်လယ်အော်၊ မုတ္တမကွေ့နှင့် ထိုင်းနိုင်ငံတို့ဖြင့် ဆက်စပ်လျက်ရှိပြီး ရေလမ်း၊ ကုန်းလမ်းဆုံရာ အချက်အချာနေရာတွင် တည်ရှိသော ပြည်နယ်တစ်ခုပင်ဖြစ်ပါသည်။

မွန်ပြည်နယ်သည် ရာသီဥတုကောင်းမွန်မျှတပြီး တောတောင်မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ၊ သမိုင်းယဉ်ကျေးမှုအမွေအနှစ်များရှိသည့်အပြင် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် ထိစပ်လျက်ရှိသည့်အတွက် မြေသယံဇာတများ၊ ရေသယံဇာတများ၊ စက်မှုကုန်ကြမ်းထွက်ကုန်များကြွယ်ဝပြီး ဂုဏ်ယူဖွယ်ရာ သာယာလှပသည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

မွန်ပြည်နယ်အတွင်း အံ့ချီးဖွယ်ရာ ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအပါအဝင် ရေးဟောင်းတန်ခိုးကြီးဘုရားများစွာ တည်ရှိပြီး သာသနာပြုပုဂ္ဂိုလ်များနှင့် ရှင်အရဟံမထေရ်မြတ်ကြီးတို့က စစ်မှန်သော ဗုဒ္ဓသာသနာတော်တည်တံ့ ပြန့်ပွားထွန်းကားရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသဖြင့် သုဝဏ္ဏဘူမိဒေသသည် ဗုဒ္ဓဘာသာ စတင်ထွန်းကားပြန့်ပွားရာ ဒေသဖြစ်ခဲ့သည်ကိုလည်း သမိုင်းမှတ်တမ်းများအရ အထင်အရှားသိမြင်နိုင်မည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူညီအစ်ကို မောင်နှမများခင်ဗျား**

ယခုအခါ မိမိတို့နိုင်ငံသည် ပြည်သူများ၏ လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများထွန်းကားရာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံအဖြစ်သို့ စတင်လျှောက်လှမ်းနေချိန်ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကို လေးစားလိုက်နာခြင်းတို့သည် မရှိမဖြစ်လိုအပ်ပါသည်။ သို့သော်လည်း လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ၊ အာဏာထူထောင်လိုမှုများ၊ သွေးခွဲသပ်လျှိုမှုများ၊ စည်းလုံးညီညွတ်မှု လျော့နည်းလာမှုများ၊ နိုင်ငံ့အကျိုးကို လျစ်လျူရှု၍ ကိုယ်ကျိုးစီးပွားရှာဖွေမှုများ၊ နိုင်ငံချစ်စိတ် မျိုးချစ်စိတ် အားနည်းမှုများ၊ နိုင်ငံ့အရင်းအမြစ်များကို ပျက်စီးအောင် ဖျက်ဆီးနေမှုများကြောင့် နိုင်ငံနှင့် ပြည်သူများသည် တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ကာ ဆင်းရဲဒုက္ခများ ကြုံတွေ့နေကြရသည်ကို သတိထားရှုမြင်သုံးသပ်ဆင်ခြင်ကြရမည့်အချိန် ကျရောက်နေပြီဖြစ်ပါသည်။

> ❖ **ယခုအခါ မိမိတို့နိုင်ငံသည် ပြည်သူများ၏ လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများထွန်းကားရာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံအဖြစ်သို့ စတင်လျှောက်လှမ်းနေချိန်ဖြစ်**
>
> ❖ **ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကို လေးစားလိုက်နာခြင်းတို့သည် မရှိမဖြစ်လိုအပ်**

နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားစုများအကြား စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည့်အစား ကွဲပြားနေသော နိုင်ငံရေးအင်အားစုတို့၏ ငါတကောကောမှုများ၊ ဖွဲ့ထုတ်စည်းရုံးမှုများသည် နိုင်ငံ့အကျိုးနှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် မြော်မြင်မှုကင်းမဲ့စွာဖြင့် နိုင်ငံကို ထိခိုက်နစ်နာစေသည့် လုပ်ဆောင်မှုများသာဖြစ်ပါသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအချို့တွင်လည်း ခေါင်းဆောင်လုပ်သူတို့က လူမျိုးစုအတွင်း ကျဉ်းမြောင်းသည့် လူမျိုးရေးမုန်းတီးမှုဝါဒကို ရိုက်သွင်း၍ အလွန်အကျွံလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြပြီး ခြံကြီးထဲတွင် ခြံငယ်ခတ်ရန်၊ လှေကြီးပေါ်တွင် လှေငယ်တင်ရန်၊ ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေရန် ပိုမိုအားထုတ်လျက်ရှိနေကြသည်ကို သတိတရားဖြင့် ကာကွယ်ထိန်းသိမ်းကြရန် လိုအပ်မည်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲမသမာမှုများကြောင့် ဖြစ်ခဲ့ရသည့် နိုင်ငံရေးအပြောင်းအလဲအပြီးတွင် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသော NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့နှင့် အခြားဒေသအလိုက် ကာကွယ်ရေးအဖွဲ့အမည်ခံ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အုပ်စု အမျိုးမျိုးတို့ ပေါ်ပေါက်လာခဲ့ပါသည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် အချုပ်အခြာအာဏာကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ပြီး အကြမ်းဖက်မှုမျိုးစုံကို ကျူးလွန်လျက်ရှိနေပါသည်။

ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြရန် မဖြစ်မနေ လိုအပ်သည့်အချိန်ဖြစ်ပါသည်။

တစ်ဖက်တွင်လည်း နိုင်ငံရေးမပြေလည်မှုများကြောင့် လက်နက်ကိုင်လမ်းကြောင်းသို့ ရောက်ရှိနေသည့် အဖွဲ့အစည်းများအနေဖြင့် အစဉ်သဖြင့် ဖွင့်လှစ်ပေးထားသည့် တွေ့ဆုံဆွေးနွေးရေးများဖြင့် (NCA)လမ်းကြောင်းမှတစ်ဆင့် နိုင်ငံတော် ထာဝရ တည်ငြိမ်အေးချမ်းရေးအတွက် အဖြေရှာကြရန် လိုအပ်မည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူညီအစ်ကို မောင်နှမများခင်ဗျား**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားလျက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေး အခြေခံကျသည့်အုတ်မြစ်မှာ တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဖြစ်ပါသည်။ ထိုကဲ့သို့ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းမှုရှိရေးဖြစ်သဖြင့် နိုင်ငံသားအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းမှာကြားပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် လူသားတိုင်း အသက်ရှင်ရပ်တည်နိုင်ရေးအတွက် စားဝတ်နေရေးမှာ အခြေခံလိုအပ်ချက်များဖြစ်သဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက် (၂)ရပ်အဖြစ် ချမှတ်ထားရှိပြီး စိုက်ပျိုးရေးတွင် ကာလဒေသနှင့်ကိုက်ညီသော ထုတ်ကုန်များ ထွက်ရှိလာစေရေး နိုင်ငံသားတိုင်းအကျိုးရှိစေမည့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အရှိန်တိုးမြှင့်ဆောင်ရွက်စေရေးတို့အတွက် ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့ကို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ပေးခြင်းသည် နိုင်ငံလူဦးရေအများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ ဘဝများ တိုးတက်လာစေရန်ဖြစ်သကဲ့သို့ နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်း မြင့်မားလာစေရန်လည်း ဖြစ်သည့်အတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်သွားကြရန်ကိုလည်း တိုက်တွန်းလိုပါသည်။

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက KG+9 အထိ မသင်မနေရသတ်မှတ်ပြီး ဘက်စုံပညာရေးစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်အတွင်း အခြေခံပညာ တတ်မြောက်မှုနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခု ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

ပြည်သူလူထုအသိမှား၊ အမြင်မှား၊ အလုပ်အကိုင်မှားအောင် ကောလာဟလများကို ဖြန့်ချိ၍ အဆိုးမြင်စိတ်ခံစားမှုကို အဆုံးထိ မြှင့်တင်ပေးပြီး ပြည်သူကို စတေးကာ နိုင်ငံရေးအမြတ်ထုတ်မှုများကိုလည်း အသိဉာဏ်ဆင်ခြင်တုံတရားဖြင့် သတိထားကြရမည်ဖြစ်ပါသည်။ တော်လှန်ရေးဟူ၍ အမည်တပ်ကာ မိမိတို့အား ထောက်ခံသူများနှင့် မသိနားမလည်သူများ၏ ဘဝများကို ရင်းနှီးစတေး၍ အာဏာကို အချောင်ရယူရန် ကြိုးပမ်းအမြတ်ထုတ်နေကြသူများ၊ ခေါင်းစဉ်အမျိုးမျိုးတပ်၍ လိမ်လည်လှည့်ဖြားကာ ကိုယ်ကျိုးရှာသူများကိုလည်း ဝိုင်းဝန်းဖော်ထုတ်နိုင်ရေး ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် မွန်ပြည်နယ်မှ မိဘပြည်သူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအပါအဝင် နိုင်ငံနှင့် လူမျိုးကို အမှန်တကယ်ချစ်မြတ်နိုးကြသည့် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းများတွင် မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်သွားကြရန် အလေးအနက်ထား ဆန္ဒပြုလျက် နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့သို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

> ❖ **မွန်ပြည်နယ်သည် ထင်ရှားကျော်ကြားသည့် သာသနာပြုမင်းကောင်းမင်းမြတ်များ၊ ရဟန်းပညာရှိများ၊ လူပညာရှိများ၊ ကျမ်းဂန်တတ်စာပေပညာရှင်များ၊ သူရသတ္တိထက်မြက်သည့် သူရဲကောင်းများ ထွန်းကားခဲ့သော သမိုင်းအစဉ်အလာရှိခဲ့သည့် ပြည်နယ်ဖြစ်သည့်အပြင် မွန်လူမျိုးတို့၏ ဘာသာစာပေ၊ ယဉ်ကျေးမှုအနုပညာများ အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည့် အစဉ်အလာကောင်းသော ပြည်နယ်တစ်ခုလည်းဖြစ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းပြခန်းများ ဖွင့်လှစ်ပြသရောင်းချနေမှုနှင့် မွန်ရိုးရာ အဆို၊ အက၊ အတီး ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်အဖွဲ့ မွန်ပြည်နယ်နေ့အထိမ်းအမှတ် မွန်ရိုးရာ အဆို၊ အက၊ အတီး ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

မော်လမြိုင် မတ် ၁၈

၂၀၂၄ခုနှစ် မတ် ၁၉ ရက်တွင် ကျရောက်မည့် နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများသည် ယနေ့ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းရင်းသားရိုးရာအဖွဲ့များက နွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ သမိန်ဗရမ်း ဘက်စုံသုံးကွင်း၌ နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းပြခန်းများ ဖွင့်လှစ်ပြသရောင်းချနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြခန်းများကို မွန်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို တိုင်းရင်းသားပြည်သူများ လေ့လာသိရှိနိုင်စေရန်နှင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာ အစားအစာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး ရည်ရွယ်၍ ခင်းကျင်း ပြသနေခြင်းဖြစ်ပြီး ပြခန်းများအနေဖြင့် လယ်ယာကဏ္ဍ ၁၁ ခန်း၊ စက်မှုကဏ္ဍ ၁၀ ခန်း၊ ဝန်ဆောင်မှုကဏ္ဍ ၁၀ ခန်း၊ ပညာရေးပြခန်း ရှစ်ခန်း၊ ကျန်းမာရေးပြခန်း ရှစ်ခန်း၊ အသေးစား၊ အငယ်စား၊ အလတ်စားထုတ်ကုန် အရောင်းပြခန်း ၁၁ ခန်း စုစုပေါင်း ၅၈ ခန်းအပြင် ဒေသတိုင်းရင်းသား ရိုးရာအစားအစာအရောင်းပြခန်းများကိုလည်းပြသရောင်းချပေးနေကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့သည် မွန်ပြည်နယ်နေ့အထိမ်းအမှတ် မွန်ရိုးရာ အဆို၊ အက၊ အတီး ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်အဖွဲ့ မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းပြခန်းများ ဖွင့်လှစ်ပြသရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။

# တောင်ငူတပ်နယ်နှင့် ပြည်တပ်နယ်တို့၌ နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြော အခြေခံ / အဆင့်မြင့်သင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းနှင့် မြန်မာ့သိုင်းအခြေခံသင်တန်းများ ဖွင့်လှစ်

နေပြည်တော် မတ် ၁၈

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ငူတပ်နယ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ မှီခိုသူ ကျောင်းသား ကျောင်းသူများအား နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြော အခြေခံ/အဆင့်မြင့် သင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းနှင့် မြန်မာ့သိုင်းအခြေခံသင်တန်းများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ဖွင့်လှစ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



အဆိုပါ သင်တန်းများကို တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များမှ မှီခိုသူ ကျောင်းသား ကျောင်းသူများဖြင့် ဧပြီ ၁၂ ရက်ထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အဆိုပါ နွေရာသီသင်တန်းများကို ပြည်တပ်နယ်ရှိ မြရောခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **နောင်တရားမြို့မှ**

"အောက်တိုဘာလမှာစိုက်တဲ့ ဆောင်းသီးနှံ ကြက်သွန်ဖြူကို ယခုလမှာ စတင်ရိတ်သိမ်းပါတယ်။ စသိမ်းစမှာတော့ ဒေသပေါက်ဈေးအရ ပုံမှန်ဈေးရနေပါတယ်။ အစိုတစ်ပိဿာကို ငွေကျပ် ၅၅၀၀ မှ ၆၈၀၀ အထိ ဈေးရနေပါတယ်။ ကြက်သွန်ဖြူက အရွယ်အစားပေါ်မူတည်ပြီး ဈေးအမျိုးမျိုးရှိပါတယ်။ လုပ်သားခတွေ တစ်ရက်ကို ငွေကျပ် ၁၀၀၀၀ ပေးရပါတယ်။ ယခင်နှစ်တွေနဲ့ နှိုင်းယှဉ်ရင် ပုံမှန်ဈေးရနေတာပါ"ဟု ဝါပြုံးကျေးရွာမှ ကြက်သွန်ဖြူစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခင်နှစ်တွင် ကြက်သွန်ဖြူတစ်ပိဿာ ထူး(၁)မှ ထူးလွန်အထိ ငွေကျပ် ၈၀၀၀ မှ ၁၂၀၀၀ အထိ အရောင်းအဝယ် ဖြစ်ခဲ့သည်။ ယခုနှစ်ဆောင်းကြက်သွန်ဖြူ စတင်ရိတ်သိမ်းချိန်တွင် ကြက်သွန်ဖြူ ထူး(၃) မှထူးလွန်အထိ အစိုတစ်ပိဿာ ငွေကျပ်၅၅၀၀ မှ ၆၈၀၀ အထိဈေးရလျက်ရှိကြောင်း အောင်ပန်းကုန်စည်ဒိုင်သို့ ဆောင်းကြက်သွန်ဖြူ သွားရောက်ရောင်းချခဲ့သည့် ဝါပြုံးကျေးရွာမှ ကြက်သွန်ဖြူ စိုက်တောင်သူတစ်ဦးထံမှ သိရသည်။

နောင်တရားမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၌ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ဆောင်းကြက်သွန်ဖြူစိုက်ဧကပေါင်း ၁၆၃၉ ဧက စိုက်ပျိုးကြောင်း သိရသည်။ **ခွန်အောင်(နောင်တရား)**

❋ **ပေါက်ခေါင်းမြို့နယ်မှ**

ဒေသခံများအနေဖြင့် စပါးမျိုးများကို နေရာဒေသ၊ ဆည်ရေရရှိမှု အနည်းအများပေါ်မူတည်၍ တစ်ဧကအထွက်နှုန်းမြင့်မားပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ရတနာတိုး၊ ရက်(၉၀)၊ ထိုင်းနံ့ကောက်၊ ရေအနဲလို(၇)၊ ဗီယက်နမ်၊ YSR-1 နှင့် YAR-14 စပါးမျိုးများကို စိုက်ပျိုးကြပြီး မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အချိန်မီစိုက်ပျိုးပြီးစီးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိကာ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်းနှင့် သွင်းအားစုများ စနစ်တကျ သုံးစွဲတတ်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ပျိုးထောင်စိုက်စနစ်ဖြင့် ၁၂၈၉ ဧက၊ ကောက်စိုက်စက်ဖြင့် ၃၅၂ ဧက၊ တိုက်ရိုက်အစေ့ချစနစ်ဖြင့် ၇၈၇၄ ဧက စုစုပေါင်း ၉၅၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

❖

# ဝန်ကြီးဌာနတွင်း ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် နှင့် အဆင့်မြင့်အရာရှိများ၊ သင်တန်းသားများ၊ Online မှ တက်ရောက်သူများ အပါအဝင် စုစုပေါင်းအင်အား ၁၂၀ ကျော် တက်ရောက်ကြသည်။




### သင်ကြားပို့ချပေးခဲ့

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယခုသင်တန်းတွင် လူကိုယ်တိုင်နှင့် အွန်လိုင်းအပါအဝင် အရာထမ်း/ အမှုထမ်း ၄၂ ဦးကို သင်ကြားပို့ချပေးခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဆိုင်ရာ အကြောင်းအရာများကို ဆောင်ရွက်နေသော ဝန်ကြီးဌာနဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတကာစီးပွားရေးနှင့် စပ်လျဉ်းသည့်ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ရန်လိုအပ်ပါကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားမှသာ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို စနစ်တကျဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် သင်တန်းတွင် လေ့လာသင်ယူခဲ့သော စာတွေ့ လက်တွေ့ သင်ခန်းစာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာဆည်းပူးသွားကြရန်လိုအပ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသဖြင့် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ပြီး နိုင်ငံတော်နှင့် မိမိဝန်ကြီးဌာန အပေါ်သစ္စာရှိရှိဖြင့် နိုင်ငံ့အကျိုး သယ်ပိုးနိုင်သော ဝန်ထမ်းကောင်းများ ဖြစ်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် သင်တန်းသားများနှင့် Group Presentation အကောင်းဆုံးရရှိသည့် သင်တန်းသားများကို ဆုများချီးမြှင့်ပေးအပ်ပြီး သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။ ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက သင်တန်းမှ ရရှိသည့် အကျိုးကျေးဇူးများနှင့် သင်တန်းဖွင့်လှစ် ပို့ချပေးခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်း အမှတ်စဉ် (၂ / ၂၀၂၄)ကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခရိုင်သစ်တောအရာရှိများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းနှင့် တောအုပ်ကြီး လုပ်ငန်းခွင်အကြိုသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၈

ခရိုင်သစ်တောအရာရှိများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း အမှတ်စဉ်(၉)နှင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ယခုနှစ်တွင် ကျောင်းဆင်းပြီး လုပ်ငန်းခွင်ဝင်မည့် တောအုပ်ကြီး လုပ်ငန်းခွင်အကြိုသင်တန်း အမှတ်စဉ်(၂/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပသည်။





### တက်ရောက်

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ သင်တန်းဆရာများနှင့် သင်တန်းသားများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမျိုးသားသစ်တောကဏ္ဍ နှစ် (၃၀) ပင်မစီမံကိန်းအရ နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအဖြစ်လည်းကောင်း၊ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေး နယ်မြေများအဖြစ်လည်းကောင်း ဖွဲ့စည်းရန် လျာထားဆောင်ရွက်လျက်ရှိရာ ရည်မှန်းချက် ပြည့်မီအောင် တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် အထူးအလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်များ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲထိန်းသိမ်းရေး လုပ်ငန်းများ၊ ဒီရေတောများ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ၊ တရားမဝင်သစ်ဖမ်းဆီးရေးလုပ်ငန်းများ၊ ကားလမ်းဘေးဝဲယာနှင့် မြစ်ချောင်းများ ဘေးဝဲယာ တစ်လျှောက် စိမ်းလန်းစိုပြည်ရေး၊ အာဆီယံလမ်းမကြီးနှင့် ရထားလမ်းဘေးဝဲယာ သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်း၊ ကျေးလက်နေ ပြည်သူများအတွက် ကျေးရွာ ထင်းစိုက်ခင်းများတည်ထောင်ခြင်းလုပ်ငန်းများနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေး လုပ်ငန်းများတွင် ဆက်စပ်ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

သင်တန်းသားများ အနေဖြင့် သင်တန်းမှ သင်ကြားပို့ချမှုများကို သေချာစွာ လေ့လာမှတ်သားရန်နှင့် ဌာနအကျိုး၊ နိုင်ငံအကျိုးကို စွမ်းဆောင်ရည်မြင့်မားစွာဖြင့် ကောင်းစွာသယ်ပိုးနိုင်သော ဝန်ထမ်းကောင်းများ ဖြစ်လာအောင် ကြိုးစားလေ့ကျင့်သင်ယူသွားကြရန် တိုက်တွန်းပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### ဖွင့်လှစ်ပို့ချသွားမည်

အဆိုပါ သင်တန်းများကို သစ်တောသုတေသနဌာန ရေဆင်းတွင် မတ် ၁၈ ရက်မှ ၂၉ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးရုံးချုပ်တွင် မတ် ၁၁ ရက်မှ ဧပြီ ၅ ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိသော ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင် မွမ်းမံသင်တန်းသို့ သွားရောက်၍ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ သင်တန်းများကို In Person / Online စနစ်ဖြင့် သင်ကြားပို့ချနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန တည်ထောင်သည့် (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အမှတ်-၂ တပ်မတော်ဆေးရုံကြီး ခုတင် - ၁၀၀၀ သို့ အလှူငွေများ ပေးအပ်လှူဒါန်း




နေပြည်တော် မတ် ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန တည်ထောင်သည့် (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၏ လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန်အတွက် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) ဆေးပဒေသာပင်သို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများရှိ ဝန်ထမ်းများက လှူဒါန်းသော အလှူငွေကျပ် ၇၇၀၀၀၀၀ ကို ယနေ့တွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးက အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) တပ်မှူး ဗိုလ်မှူးချုပ် အောင်မြတ်ကျော်ထံ ပေးအပ်လှူဒါန်းသည်။

### ပေးအပ်လှူဒါန်းခဲ့

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိကြသော ရှေ့တန်းရောက် တပ်မတော်သားများအတွက် ငွေကျပ် ၇၅၀၀၀၀၀ ကိုလည်း နေပြည်တော်တိုင်း စစ်ဌာနချုပ်သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ကမ္ဘာ့ရေနေ့ဂုဏ်ပြုဆောင်းပါး

# ချွေတာသုံးစွဲကြပါ ရွှေပြာ

ယနေ့အချိန်အခါတွင် ရာသီဥတုပြောင်းလဲလာမှုကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ မြစ်ချောင်းများ ရေခန်းခြောက်မှုများနှင့် သဲကန္တာရဖြစ်ထွန်းမှုများ ပိုမိုများပြားလာလျက်ရှိသည်။ ရာသီဥတုပြောင်းလဲလာ၍ မြေမျက်နှာပြင်၊ မြစ် ချောင်း အင်းအိုင်၊ ရေကန်တို့၏ မျက်နှာပြင်တွင် အငွေ့ပြန်မှု ပိုမိုဖြစ်ပွားသည်။ အပူချိန်များသော ဒေသများရှိ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများတွင် ရေပိုမိုသုံးစွဲရသည်။ ထိုသို့ ကမ္ဘာကြီးသည် တစ်နေ့တခြား ပိုမိုပူနွေးလာမှုကြောင့် နောက်ဆက်တွဲ ပြဿနာများတွင် အဆိုးရွားဆုံးနှင့် အဓိကရင်ဆိုင်ရမည့် ပြဿနာမှာ ရေရှားပါးမှုပြဿနာဖြစ်သည်။ မိုးခေါင်ရေရှားမှုဖြစ်စဉ်များ ပိုမိုဖြစ်ပွားလာမှုကြောင့် လာမည့်နှစ်များအတွင်း ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာသည် ရေအငတ်ဘေးကြုံတွေ့ရလိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ကြေညာထားသည်။

ရေရှားပါးမှုပြဿနာမှာ ကမ္ဘာ့နေရာဒေသအတော်များများတွင် ရင်ဆိုင်နေရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ရင်ဆိုင်ကြုံတွေ့နေရသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ပူပြင်းခြောက်သွေ့သည့် နွေရာသီတွင် ရေရှားပါးမှု၊ သောက်သုံးရေ ပြတ်လပ်မှုပြဿနာများ ပိုမိုကြုံတွေ့ရလေ့ရှိသည်။ ယခုရက်များအတွင်းမှာပင် သောက်သုံးရေရှားပါးသည့် ပုဂံ-ညောင်ဦးဒေသရှိ ကျေးရွာများသို့ ရေသွားရောက်လှူဒါန်းသည့်သတင်းများကို တွေ့နေရပြီဖြစ်သည်။

ရေသည် လူသားတို့၏ နေ့စဉ်ဘဝအတွက် မရှိမဖြစ် အရေးကြီးဆုံးအရာတစ်ခုဖြစ်သည်။ “ထမင်းအသက်ခုနစ်ရက် ရေအသက်တစ်မနက်”ဟု ဆိုစမှတ်ပြုထားကြသည်အထိ အရေးပါလှသည်။ ရေမသောက်ရ၊ ရေမသုံးရလျှင် လူနှင့် သက်ရှိသတ္တဝါအားလုံး ရှင်သန်နိုင်မည်မဟုတ်ပေ။ ထို့ပြင် ရေမရှိလျှင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများလည်း လုပ်ကိုင်နိုင်မည်မဟုတ်ချေ။

**ရေကိုအလေးထားမှုနှင့် ပထဝီနိုင်ငံရေးအခက်အခဲများ**

တစ်ချိန်က သစ်ကိုအကြောင်းပြု၍ စစ်ပွဲများဖြစ်ခဲ့ကြသည်။ ထို့နောက် ရေနံကိုအကြောင်းပြု၍ စစ်ပွဲများဖြစ်ပွားခဲ့ကြပြန်သည်။ ၂၁ ရာစုတွင် ရေသည် ရေနံထက် တန်ဖိုးရှိသော သယံဇာတဖြစ်လာဖွယ်ရှိပြီး အနာဂတ်စစ်ပွဲများသည် ရေကိုအကြောင်းပြု၍ တိုက်ခိုက်ရသော စစ်ပွဲများဖြစ်လာဖွယ်ရှိသည်ဟု ပညာရှင်များက ဟောကိန်းထုတ်ထားကြသည်။ ၂၀ ရာစု၏ အဓိကစီးပွားရေး ကုန်စည်သည် ရေနံဖြစ်သကဲ့သို့ ၂၁ ရာစု၏ ကုန်စည်သည် “ရေ” ဖြစ်လာတော့မည်။ လူဦးရေတိုးပွားလာမှုကြောင့် ရေသည် သေရေးရှင်ရေးတမျှ အရေးပါသော အရင်းအမြစ်ဖြစ်လာသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် နေရာဒေသအတော်များများတွင် မိုးခေါင်ရေရှားဖြစ်ပေါ်မှုများက အဆိုပါဟောကိန်း မှန်ကန်ဖွယ်ရှိကြောင်း နိမိတ်ပြလျက်ရှိသည်။

၁၉၆၇ ခုနှစ် အာရပ်-အစ္စရေး ခြောက်ရက်ကြာစစ်ပွဲသည် ရေချိုရရှိရေးကို အခြေခံသည်။ ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းကို ပိုင်ဆိုင်သော အစ္စရေးများက အက်ကွီဖာတောင်စောင်းမှ ဂျော်ဒန်မြစ်ဝှမ်းလွင်ပြင်အထိ မြစ်၏ ၇၀ ရာခိုင်နှုန်းကို အသုံးပြုနေကြသည်။ အာရပ်-အစ္စရေးပြဿနာမှာ မြေယာနယ်နိမိတ်ပြဿနာဆိုခြင်းထက် အဆိုပါနယ်နိမိတ်အတွင်းရှိသည့် ရေအရင်းအမြစ်ပြဿနာကြောင့် ပို၍ဖြစ်နိုင်ခြေရှိသည်။

ရေနှင့်ပတ်သက်၍ အလေးထားမှုနှင့် ပထဝီနိုင်ငံရေးအခက်အခဲများ ဖြစ်ပေါ်လာနိုင်သည်။ ဥပမာပြရမည်ဆိုလျှင် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း အီဂျစ်နှင့် အီသီယိုးပီးယားနိုင်ငံတို့သည် နိုင်းမြစ်ရေအသုံးပြုမှုနှင့်ပတ်သက်၍ တင်းမာမှုများ မြင့်တက်ခဲ့ရသည်။ လူဦးရေသန်း ၁၀၀ ကျော်ခန့်ရှိကြသည့် အီဂျစ်နိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် နိုင်းမြစ်ရေကို အဓိကအားကိုးနေရသည့် နိုင်ငံများဖြစ်ကြသည်။ အီဂျစ်နိုင်ငံတွင်းသို့ စီးဝင်သည့် နိုင်းမြစ်ရေ ၈၅ ရာခိုင်နှုန်းသည် အီသီယိုးပီးယားနိုင်ငံတွင် မြစ်ဖျားခံသည်။ ပြဿနာမှာ အီသီယိုးပီးယားနိုင်ငံက Grand Renaissance Dam ရေကာတာ တည်ဆောက်ခဲ့မှုကြောင့် နိုင်းမြစ်အတွင်း စီးဆင်းမည့် ရေပမာဏ သိသိသာသာ လျော့နည်းသွားမည်ဖြစ်သည်။ ထို့ကြောင့် အီဂျစ်နိုင်ငံသည် သောက်သုံးရေနှင့် စိုက်ပျိုးရေ ပိုမိုလိုအပ်လာပြီဖြစ်သည်။

**ရောဟိနီမြစ်ကမ်းဘေးက ရေလုပွဲ**

မဟာသက္ကရာဇ် ၁၀၇ ခုနှစ်အတွင်းက ဂေါတမမြတ်စွာဘုရားရှင်သည် သက္ကတိုင်း ကပိလဝတ်ပြည်အနီး မဟာဝုန်တောကြီး၌ သီတင်းသုံးနေတော်မူစဉ် နယုန်လအခါ ညှိုးခြောက်နွမ်းလျကုန်သော ကောက်ပဲသီးနှံများအတွက် လိုအပ်သော ရောဟိနီမြစ်ရေရရှိရေးအတွက် မြစ်ကမ်းနှစ်ဖက်နေထိုင်ကြသော ကပိလဝတ်ပြည်သားများနှင့် ကောလိယပြည်သားများ ရေလုယက်မှုပြဿနာဖြစ်ပွားခဲ့ကြသည်။ ရောဟိနီမြစ်သည် ဟိမဝန္တာမှ စီးဆင်းကာ ကပိလဝတ်ပြည်နှင့် ကောလိယပြည်ကြား ဖြတ်သန်းစီးဆင်းသည်။ မိုးခေါင်သောနှစ်တွင် ရောဟိနီမြစ်ရေနည်းပါးပြီး နှစ်နိုင်ငံ လယ်သမားများအတွက် ရေအလုံအလောက်မရ ဖြစ်ကြရသည်။ ရေရရှိရေးမှာ နှစ်နိုင်ငံပြည်သူများအတွက် သေရေးရှင်ရေးဖြစ်၍ နှစ်ပြည်ထောင်မင်းများမှာ စစ်မက်ပြုကြတော့မည့် အခြေအနေသို့ ရောက်ရှိနေကြသည်။

ရေပြဿနာကြောင့် စစ်ခင်းရတော့မည့်အရေးကို မြတ်စွာဘုရားရှင်သိတော်မူသဖြင့် ရောဟိနီမြစ်အလယ်ရှိ သဲသောင်ပြင်သို့ သက်ဆင်းတော်မူသည်။ ဘုရားရှင်ကိုမြင်လျှင် ကပိလဝတ်ပြည်သားတို့က စစ်လက်နက်များကို စွန့်ကာ မြတ်စွာဘုရားရှင်အား ဖူးမြော်ကြကုန်၏။ ထို့အတူ ကောလိယပြည်သားတို့သည်လည်း လက်နက်များကိုစွန့်၍ မြတ်စွာဘုရားကို ဖူးမြော်ကြ၏။ ထိုအခါ မြတ်စွာဘုရားရှင်က ခိုက်ရန်ဖြစ်ပွားခြင်းကြောင့် သာယာဖွယ်မဖြစ်ပုံ၊ သူတစ်ပါးစကား အကြောင်းမဲ့မယုံသင့်ပုံ၊ အင်အားနည်းသော်လည်း အင်အားကြီးသူကို အောင်မြင်နိုင်သည့်အခွင့်ရှိပုံ၊ ညီညွတ်သဖြင့် အကျိုးရှိပုံ၊ မညီညွတ်မသင့်မြတ်သဖြင့် အပြစ်ဖြစ်ရပုံတို့ကို ဇာတ်တော်အလိုက် ဟောကြားဆုံးမတော်မူသည်။ ထိုအခါ နှစ်ဖက်သောပြည်သူများ ပဋိပက္ခများရပ်စဲပြီး ငြိမ်းချမ်းရေးရခဲ့ကြသည်။

**ရေမချွေတာလျှင် ထောင်ဒဏ်၊ ငွေဒဏ်ချမည်**

လွန်ခဲ့သည့်နှစ်က “ရေမချွေတာလျှင် ထောင်ဒဏ်၊ ငွေဒဏ်ချမည့် တူနီးရှား” ဟူသော ခေါင်းစဉ်ဖြင့် နိုင်ငံတကာသတင်းတစ်ပုဒ်ဖတ်လိုက်ရသည်။ အဆိုပါသတင်းတွင် တူနီးရှားနိုင်ငံ၌ ရာသီဥတုပူပြင်းခြောက်သွေ့သော အခြေအနေများကြောင့် ပြည်သူများအား ရေကိုခွဲတမ်းချသုံးစွဲရမည်ဟု သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း၊ တူနစ်မြို့တော်အပါအဝင် နိုင်ငံတစ်ဝန်းနေရာဒေသ အတော်များများတွင် ည ၉ နာရီမှ နံနက် ၄ နာရီအထိ တစ်နေ့လျှင် ခုနစ်နာရီကြာ ရေဖြတ်ထားမည်ဖြစ်ကြောင်း၊ ယင်းထုတ်ပြန်ချက်အမိန့်သည် ဧပြီလမှ စက်တင်ဘာလအထိ ကြာမြင့်မည်ဖြစ်ကြောင်းနှင့် အမိန့်ကို လိုက်နာမှုမရှိသူများသည် ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် ကျခံရနိုင်ကြောင်း ဖော်ပြထားသည်။ အဆိုပါသတင်းတွင် အာဏာပိုင်များက သောက်သုံးရေများကို စိုက်ပျိုးမြေများနှင့် မြို့တွင်းရှိ စိမ်းလန်းသောနေရာများတွင် သုံးစွဲမှုကိုတားမြစ်ထားသကဲ့သို့ လမ်းများနှင့် ကားများရေဆေးခြင်းများကိုလည်း တားမြစ်ထားသည်ဟု ဖော်ပြထားသည်။

ရေရှားပါးမှုပြဿနာများကို ရင်ဆိုင်ဖြေရှင်းနေကြသော ကမ္ဘာတစ်ဝန်းက အတုယူစရာ နည်းလမ်းများလည်းရှိသေးသည်။ ပိုလန်နိုင်ငံ ဝါဆောမြို့မှ လူများသည် ရေမီတာခ သက်သာစေရန် ည ၁၀ နာရီမှ နံနက် ၆ နာရီကြားတွင် ရေချိုးကြသည်ဟု သိရသည်။ တရုတ်နိုင်ငံ ကူမင်းမြို့မှ အိမ်ရှင်များသည် အိမ်အပြင်ဘက်ရှိ ရေပိုက်ခေါင်းများကို သံသေတ္တာများနှင့်အုပ်ကာ သော့ခတ်ထားကြသည်။ ရေသူခိုးရန်မှ ကာကွယ်ရန်ဖြစ်သည်။ ဟန်ဂေရီလူမျိုးများသည် နွားအစားကြက်နှင့် ဝက်ကိုသာ ပိုမိုမွေးမြူကြသည်။ အကြောင်းမှာ နွားမွေးမြူခြင်းသည် ရေအလွန်ကုန်ပြီး ကြက်နှင့် ဝက်က ရေကုန်ကျမှု နည်းသောကြောင့်ဖြစ်သည်။

**အစ္စရေးနိုင်ငံ၏ ရေသုံးစွဲမှု စံနမူနာ**

ရေနှင့်ပတ်သက်၍ စည်းကမ်းအတင်းကျပ်ဆုံးနှင့် စနစ်တကျသုံးစွဲမှုတွင် အစ္စရေးနိုင်ငံသည် စံနမူနာထားရမည်ဖြစ်သည်။ အစ္စရေးနိုင်ငံ၏ ကျောင်းသင်ခန်းစာများတွင် ကလေးများကို ရေချွေတာသုံးစွဲမှု အလေ့အကျင့်များကို သင်ကြားပေးထားသည်။ ကျန်းမာရေးသင်ခန်းစာများတွင်လည်း ကျောင်းသူကျောင်းသားများကို ရေချိုးနည်း၊ သွားတိုက်နည်းများ စနစ်တကျ သင်ကြားပေးသည်။ တစ်ချိန်တည်းမှာပင် ရေကိုနည်းနည်းနှင့် အကျိုးရှိအောင် သုံးစွဲနည်းကိုပါ တွဲဖက်သင်ကြားပေးသည်။ ရေခြိုးခြံချွေတာသုံးစွဲခြင်းသည် လူတိုင်း၏ အလုပ်ဖြစ်သည်ဟူသော အသိတရားကို ပညာရေးလုပ်ငန်းစဉ်ထဲတွင် အဓိကအနေဖြင့် ထည့်သွင်းရေးသားထားကြသည်။

စာမျက်နှာ ၇ သို့ ❖



ညောင်ဦးမြို့နယ် လက်ဝဲကျေးရွာတွင် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးနေမှုကို ဖေဖော်ဝါရီ ၂၈ ရက်က တွေ့ရစဉ်။

မောင်သာယာ

“ တစ်ချိန်က သစ်ကိုအကြောင်းပြု၍ စစ်ပွဲများဖြစ်ခဲ့ကြသည်။ ထို့နောက် ရေနံကိုအကြောင်းပြု၍ စစ်ပွဲများဖြစ်ပွားခဲ့ကြပြန်သည်။ ၂၁ ရာစုတွင် ရေသည် ရေနံထက်တန်ဖိုးရှိသော သယံဇာတဖြစ်လာဖွယ်ရှိပြီး အနာဂတ်စစ်ပွဲများသည် ရေကိုအကြောင်းပြု၍ တိုက်ခိုက်ရသော စစ်ပွဲများဖြစ်လာဖွယ်ရှိသည်ဟု ပညာရှင်များက ဟောကိန်းထုတ်ထားကြသည်။ ၂၀ ရာစု၏ အဓိကစီးပွားရေး ကုန်စည်သည် ရေနံဖြစ်သကဲ့သို့ ၂၁ ရာစု၏ ကုန်စည်သည် “ရေ” ဖြစ်လာတော့မည်။ လူဦးရေတိုးပွားလာမှုကြောင့် ရေသည် သေရေးရှင်ရေးတမျှ အရေးပါသော အရင်းအမြစ်ဖြစ်လာသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် နေရာဒေသအတော်များများတွင် မိုးခေါင်ရေရှားဖြစ်ပေါ်မှုများက အဆိုပါဟောကိန်း မှန်ကန်ဖွယ်ရှိကြောင်း နိမိတ်ပြလျက်ရှိ ”

# မြန်မာနိုင်ငံဒစ်ဂျစ်တယ် မီဒီယာအသင်း၏ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို ကြိုးကြိုးစားစား ဆောင်ရွက်

**ရန်ကုန် မတ် ၁၈**

မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း(Myanmar Digital Media Association)ဖြစ်မြောက်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေးသည်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဒစ်ဂျစ်တယ်မီဒီယာအသင်း(Myanmar Digital Media Association)ဖြစ်မြောက်ရေးကော်မတီအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လူမှုမီဒီယာအပါအဝင် ဒစ်ဂျစ်တယ်မီဒီယာ အသုံးပြုမှုများနှင့် ဖန်တီးထုတ်လွှင့်မှုများသည် အချိန်နှင့်အမျှ တိုးတက်မြင့်မားလာနေပြီး မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ကျယ်ပြန့်စွာ နေရာယူလျက် ရှိပါကြောင်း၊ အဆိုပါ အခြေအနေအပေါ်တွင်လည်း ထိန်းသိမ်းကြပ်မတ်ရန် လိုအပ်ကြောင်း၊ ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ ဒစ်ဂျစ်တယ်မီဒီယာသည် သမားရိုးကျမီဒီယာများအပေါ် လွှမ်းမိုးတည်ရှိလာပြီး အများပြည်သူထံသို့ ပျံ့နှံ့မှုကြီးမားရုံသာမက စီးပွားရေးအရပါ ကြီးပွားတိုးတက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်မီဒီယာကို မီဒီယာပုံစံသစ်(News Media)များသာမက နည်းပညာအသုံးပြုပြီး လုပ်ဆောင်နေသည့် မီဒီယာလုပ်ငန်းကဏ္ဍမျိုးစုံ ပါဝင်လျက်ရှိပြီး နိုင်ငံတိုင်းတွင်လည်း လွန်စွာ ဖြန့်ကြက်ဖွံ့ဖြိုးလျက်ရှိကြောင်း။

အလားတူ မြန်မာနိုင်ငံတွင်လည်း လူမှုမီဒီယာအပါအဝင် ဒစ်ဂျစ်တယ်မီဒီယာ အသုံးပြုမှုသည် နှစ်အနည်းငယ်အတွင်း တစ်ဟုန်ထိုး တိုးတက်လာခဲ့ပြီး အထူးသဖြင့် မိုဘိုင်းဖုန်းနှင့် အင်တာနက်သုံးစွဲနိုင်မှုပမာဏများပြားလာခဲ့ခြင်းကြောင့် လူမှုမီဒီယာအသုံးပြုမှုသည် မြင့်တက်လာခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ မီဒီယာအခင်းအကျင်းတွင် ဒစ်ဂျစ်တယ် နည်းပညာနှင့် ဒစ်ဂျစ်တယ် မီဒီယာများသည် အရေးပါသည့်နေရာတွင် ပါဝင်လျက်ရှိနေကြောင်း၊ ထို့ကြောင့် ဒစ်ဂျစ်တယ် မီဒီယာလုပ်ငန်းများ လုပ်ကိုင်နေကြသူများအား ကိုယ်စားပြု ဖွဲ့စည်းထားသည့် အသင်းကြီးတစ်ခု ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက “မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီ” ကို ဖွဲ့စည်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါ မြန်မာနိုင်ငံဒစ်ဂျစ်တယ် မီဒီယာအသင်း ဖြစ်မြောက်ရေး ကော်မတီကို ပြောင်းလဲလာသည့် နည်းပညာနှင့်အညီ ဒစ်ဂျစ်တယ် မီဒီယာ စနစ်တကျ ဖွံ့ဖြိုးတိုးတက် လာစေရန်နှင့် Digital Media အသုံးပြုသူများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ဆောင်ရွက်ပေးရန်၊ ဒစ်ဂျစ်တယ်မီဒီယာကို ကျင့်ဝတ်စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ အသုံးပြုစေရေးနှင့် လိုအပ်သည့် အသိပညာပေးမှုများ၊ နည်းပညာမျှဝေမှုများကို စီမံဆောင်ရွက်ပေးရန်နှင့် ဒစ်ဂျစ်တယ်မီဒီယာ အသုံးပြုသူများ အချင်းချင်း အငြင်းပွားမှု၊ တိုင်ကြားမှုများ ပေါ်ပေါက်လာပါက နှစ်ဖက်ညှိနှိုင်းဖြေရှင်းသော နည်းလမ်းဖြင့် ကျေအေးပြေငြိမ်းစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် မီဒီယာအသင်းတွင် ပါဝင်သင့် ပါဝင်ထိုက်သည့် ပုဂ္ဂိုလ်များ ထပ်မံပါဝင်ဖွဲ့စည်းနိုင်ရေးအတွက် အဆိုပြုတင်ပြရန်လည်း ပြောကြားလိုပါကြောင်း၊ တက်ရောက်လာသည့် တာဝန်ရှိသူ ပုဂ္ဂိုလ်များအားလုံးက မြန်မာနိုင်ငံဒစ်ဂျစ်တယ် မီဒီယာအသင်းကြီး ခိုင်ခိုင်မာမာဖြင့် ရပ်တည်လာစေပြီး အသင်း၏ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို ကြိုးကြိုးစားစား ဆောင်ရွက်ပေးကြစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေး ကော်မတီအား ဖွဲ့စည်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အသင်းဖြစ်မြောက်ရေး အတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ရမည်းသင်းမြို့နယ်၌ ကျောင်းကျန်းမာရေးစစ်ဆေးမှု မှတ်တမ်းကတ် အသုံးပြုခြင်းဆိုင်ရာ မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကျင်းပ



**ရမည်းသင်း မတ် ၁၈**

မန္တလေးတိုင်း ဒေသကြီး ရမည်းသင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းကျန်းမာရေး စစ်ဆေးမှု မှတ်တမ်းကတ် အသုံးပြုခြင်း ဆိုင်ရာမြို့နယ်အဆင့်သင်တန်းကို မတ် ၁၈ ရက်နံနက် ၉ နာရီက ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ဦးမျိုးတင့်က အခြေခံပညာကျောင်းများတွင် ပညာရေးသာမက ကျန်းမာရေးကောင်းမွန်စေရေး အတွက် ပညာကျန်းမာပူးပေါင်း၍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးကို နိုင်ငံတော်က အလေးထား လုပ်ဆောင်နေမှုကို ရှင်းလင်း ပြောကြားပြီး မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော်က ကျောင်း ကျန်းမာရေး မှတ်တမ်းကတ် အသုံးပြုခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရမည်းသင်း မြို့နယ်အတွင်း ကျောင်းကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ခြင်း လုပ်ငန်းများ စနစ်တကျရှိစေရန်၊ မှတ်တမ်းကတ် အသုံးပြုခြင်းဆိုင်ရာ မြို့နယ် အဆင့်သင်တန်းကို စာရင်းရေးသွင်းတတ်စေရန် စာတွေ့၊ လက်တွေ့ဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက နည်းပြလေးဦးနှင့် မြို့နယ်ပညာရေးမှူးရုံးမှ နည်းပြနှစ်ဦးတို့က ပရိုဂျက်တာဖြင့် ရှင်းလင်းသွားမည်ဖြစ်ပြီး သင်တန်းကို ရမည်းသင်းမြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၄၉၀ တို့ကို မတ် ၁၈ ရက်မှ ၁၉ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။**ဇော်ဝင်းအောင်(ပြန်/ဆက်)**

❖ စာမျက်နှာ ၆ မှ

အစ္စရေးနိုင်ငံတွင် ရေပိုင်ဆိုင်မှုအားလုံး၊ ရေအသုံးပြုမှုအားလုံးကို အစိုးရက ထိန်းချုပ်ထားသည်။ ပြည်သူအားလုံးအတွက် ထိန်းချုပ်ပေးထားခြင်းဖြစ်သည်။ အစ္စရေးနိုင်ငံတွင် မိမိပိုင်ဆိုင်သောမြေယာတွင် ပိုင်ရှင်ကိုယ်တိုင် ရေတွင်းမတူးရ။ ရေတွင်းတူးလိုလျှင် လိုင်စင်လျှောက်ရသည်။ လိုင်စင်ကျမှ ရေတွင်းတူးခွင့်ရှိသည်။ ရေဖြန့်ဖြူးမှုကိုလည်း ကန့်သတ်ထားသည်။ မြစ်ရေချောင်းရေများ သွယ်တန်းသုံးစွဲမှုကိုလည်း အစိုးရက ထိန်းချုပ်ထားသည်။ အစိုးရခွင့်ပြုချက်မရရှိဘဲ ရေသုံးစွဲမှု မရှိစေရ။ မိုးရာသီတွင် မိမိအိမ်ခေါင်မိုးမှ ကျလာသည့်ရေကိုပင် ခွင့်ပြုချက်လိုင်စင်မရှိလျှင် မိုးရေကိုပင် သုံးစွဲခွင့်မရှိဟု သိရသည်။

**ရေချွေတာသုံးစွဲရေး နည်းလမ်းများ**

ရွှေကဲ့သို့ အဖိုးတန်သောရေများကို ချွေချွေတာတာ သုံးစွဲမှသာလျှင် ရေကြောင့်ဖြစ်ရသော ပြဿနာများနှင့် ရေရှားပါးမှုပြဿနာများ အတန်အသင့် လျော့နည်းလာမည်ဖြစ်သည်။ ထို့ကြောင့် ကားများဆေးကြောလိုလျှင် ရေပိုက်မသုံးဘဲ ရေဖြည့်ထားသော ပုံးများဖြင့် ဆေးကြောပါ။ သစ်ပင်ပန်းပင်များ ရေလောင်းလျှင် ရေပိုက်မသုံးဘဲ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။ ဟင်းသီးဟင်းရွက်များနှင့် ပန်းကန်များ ဆေးကြောရာတွင် ရေဇလုံကို အသုံးပြုဆေးကြောပြီး သုံးပြီးသားရေကို စိုက်ပျိုးပင်များအတွက် ထပ်မံအသုံးပြုပါ။ သွားတိုက်နေစဉ် သို့မဟုတ် ခေါင်းလျှော်နေစဉ် ရေပိုက်ခေါင်းများ ပိတ်ထားပါ။ ရေဘုံပိုင်ခေါင်းများနှင့် ရေပိုက်များ ရေယိုစိမ့်မှုရှိ၊ မရှိ စစ်ဆေးပါ။ သိုလှောင်ထားသည့်ရေများ ရေငွေ့ပြန်ခန်းခြောက်ခြင်းမဖြစ်စေရန် အဖုံးဖြင့် သေချာစွာ ဖုံးအုပ်ထားပါ။ ရေပန်းဖြင့် ရေချိုးလျှင် မြန်မြန်ချိုးပါ သို့မဟုတ် ရေကို ခွက်သေးသေးနှင့်သာချိုးပါ။ ဆန်ဆေးရေကို သွန်မပစ်ဘဲ အိုးခွက်ပန်းကန်အကြမ်းဆေးရာတွင် အသုံးပြုနိုင်သကဲ့သို့ သစ်ပင်ပန်းပင်များကိုလည်း လောင်းနိုင်သည်။ ကလေးငယ်များ ရေချိုးသည့် ဇလုံထဲမှရေများနှင့် အဝတ်လျှော်ထားသည့် ဆပ်ပြာရည်များကို သွန်ပစ်ခြင်းမျိုးမပြုလုပ်ဘဲ ရေချိုးခန်း၊ အိမ်သာများ ဆေးကြောရာတွင် ပြန်လည်အသုံးပြုနိုင်သည်။ ဘုရားပန်းအိုးမှရေနှင့် သောက်တော်ရေများကိုလည်း သွန်မပစ်ဘဲ သစ်ပင်ပန်းပင်များကို ပြန်လောင်းခြင်းဖြင့် ရေကိုချွေတာနိုင်သည်။ ရေကို တစ်ခါတည်းသုံးပြီး သွန်ပစ်ခြင်းမျိုးမပြုလုပ်ဘဲ ဖြစ်နိုင်သမျှ ပြန်လည်အသုံးပြုခြင်းဖြင့် စနစ်တကျ အကျိုးရှိရှိ ချွေတာသုံးစွဲသင့်ပါသည်။ ယနေ့ခေတ်တွင် ရေကို ချွေတာခြင်းသည် လျှပ်စစ်စွမ်းအင်ကို ချွေတာခြင်း၊ ငွေကိုချွေတာခြင်းပင် ဖြစ်သည်။

**အပြာရောင်ရွှေ**

ရေနံကို ရွှေမည်း၊ ပလက်တီနမ်ကို ရွှေဖြူဟု ခေါ်ဆိုကြသကဲ့သို့ ရေချိုအရင်းအမြစ်များကို အပြာရောင်ရွှေဟု ခေါ်ဆိုလာကြသည်။ ထို့ကြောင့် ရွှေမည်းက ရေနံ၊ ရွှေဖြူက ပလက်တီနမ်၊ ရွှေပြာက သန့်ရှင်းသောရေဖြစ်သည်။ မြန်မာနိုင်ငံတွင် ရေရှားပါးသော ကျေးလက်ဒေသများတွင် “ရွှေကိုမလို ရေကိုသာလိုသည်” ဟူသော ဆိုစကားများကြားခဲ့ရဖူးသည်။ ရေကို ရွှေကဲ့သို့ တန်ဖိုးထားသည့်သဘောပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရွှေကဲ့သို့ အဖိုးတန်သော“ရွှေပြာ” ဟု တန်ဖိုးထားခေါ်ဆိုသောရေကို စနစ်တကျ အကျိုးရှိရှိ သုံးစွဲသင့်ပါကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည်။ ။

**ကိုးကား- ဆရာ ဟိန်းလတ် ဘာသာပြန် ရေးသားထားသည့် ရေထဲမှာလူ … လူထဲမှာရေ စာအုပ်နှင့် နိုင်ငံတကာ သတင်းများ။**

# ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံအစိုးရတို့အကြား စာဆိုဗိမာန်တည်ဆောက်ခြင်းစီမံကိန်း သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံ အစိုးရတို့အကြား စာဆိုဗိမာန် တည်ဆောက်ခြင်း စီမံကိန်း သဘောတူညီချက် (Project Agreement) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ LOTTE ဟိုတယ်၌ ကျင်းပသည်။

လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr Vinay Kumar နှင့် အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျေးဇူးတင်စကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် မြန်မာနှင့်အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာစေမည့် သမိုင်းမှတ်တမ်းဝင်နေ့တစ်နေ့ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ရက်က စတင်တည်ထောင်လာခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယခုဆိုလျှင် နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီ ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် သမိုင်းအစဉ်အလာအရ စာပေ၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် နိုင်ငံရေးတို့တွင် ဆက်သွယ်မှုရှိသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြပါကြောင်း။

သံတမန်ဆက်ဆံရေး နှစ် ၇၀ ကျော်ကာလအတွင်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများစွာ ဆောင်ရွက်ခဲ့ကြသကဲ့သို့ နှစ်နိုင်ငံခေါင်းဆောင်များကလည်း အပြန်အလှန် ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့ကြပါကြောင်း၊ အစိုးရယန္တရားများတွင် များစွာပူးပေါင်းဆောင်ရွက်ခဲ့ကြရာ ယနေ့ရေးထိုးမည့် စာဆိုဗိမာန်ဆိုင်ရာ MoU လည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း။

ဤစာဆိုဗိမာန်အဆောက်အအုံကို တည်ဆောက်ရသည့် ရည်ရွယ်ချက်မှာ ထူးခြားလှပါကြောင်း၊ မိမိတို့နိုင်ငံ၏ မြန်မာစာပေသမိုင်း တစ်လျှောက် ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြု ချီးမြှင့်နိုင်ရန်အတွက် "စာဆိုဗိမာန်" ကို တည်ဆောက်ရခြင်း ဖြစ်ပါကြောင်း။

ဤအဆောက်အအုံထဲတွင် မြန်မာစာပေသမိုင်းကို လေ့လာနိုင်မည့် ပေ၊ ပုရပိုက်မှစပြီး စာပေဆိုင်ရာပစ္စည်းများ၊ စာရေးဆရာကြီးများ၏ လက်ရေးမူများ၊ ဓာတ်ပုံနှင့် အတ္ထုပ္ပတ္တိများ၊ ရှားပါးစာအုပ်များ၊ စာပေဆုတံဆိပ်များ၊ ပုံနှိပ်သမိုင်းတွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့ပြီး အဆင့်ဆင့် ခေတ်မီပြောင်းလဲလာသည့် ပုံနှိပ်စက်အမျိုးမျိုး၏ ဓာတ်ပုံများ စသည့် သမိုင်းဝင်ပစ္စည်းများကို ပြခန်းတစ်ခန်းအနေဖြင့် ဖွင့်လှစ်ပြသမည် ဖြစ်သကဲ့သို့ ဤအဆောက်အအုံထဲတွင် စာပေဦလာခံ၊ စာပေနှီးနှောဖလှယ်ပွဲ၊ စာပေဆုပေးပွဲ၊ စာပေဟောပြောပွဲ၊ ရေးသူဖတ်သူ ဆွေးနွေးပွဲ၊ စာအုပ်မိတ်ဆက်ပွဲ စသည့် စာပေဆိုင်ရာ အခမ်းအနားများကိုလည်း ကျင်းပခွင့်ပြုသွားမည်ဖြစ်ပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံအစိုးရတို့အကြား စာဆိုဗိမာန်တည်ဆောက်ခြင်းစီမံကိန်း သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းအခမ်းအနားတွင် ကျေးဇူးတင်စကားပြောကြားစဉ်။




ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်နှင့် အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲ Mr Ashish Sharma တို့ စာဆိုဗိမာန်တည်ဆောက်ခြင်းစီမံကိန်း သဘောတူညီချက် (Project Agreement) ကို လက်မှတ်ရေးထိုးကြစဉ်။

စာရေးဆရာများ အလွယ်တကူ ရည်ညွှန်း ကိုးကားနိုင်မည့် ရည်ညွှန်းကိုးကားစာများကို တစုတစည်းတည်းထားရှိမည့် ခေတ်မီ ရည်ညွှန်းစာကြည့်တိုက်ကိုလည်း ဖွင့်လှစ်မည်ဖြစ်သကဲ့သို့ နိုင်ငံတစ်ဝန်းမှစာရေးဆရာများ၊ စာပေပညာရှင်များအတွက် စာပေဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် ခေတ္တတည်းခိုရာ နေရာများကိုလည်း စီစဉ်ထားရှိပေးမည် ဖြစ်ပါကြောင်း။

နိုင်ငံ၏ စာပေဖွံ့ဖြိုးရေး လုပ်ငန်းများကို အထောက်အကူပြုမည့်ကိစ္စမှန်သမျှ ဆောင်ရွက်ရာတွင် စာဆိုဗိမာန်သည် နိုင်ငံတကာက စာရေးဆရာများနှင့် မြန်မာစာရေးဆရာများ တွေ့ဆုံဆွေးနွေးနိုင်မည့် နေရာတစ်ခုလည်း ဖြစ်သကဲ့သို့ ပြည်တွင်းပြည်ပ စာပေပညာရှင်များ၏ စာပေမူပိုင်ခွင့် ကိစ္စများကိုလည်း စာဆိုဗိမာန်တွင် တွေ့ဆုံညှိနှိုင်းနိုင်မည် ဖြစ်ပါကြောင်း။

စာဆိုဗိမာန်ကို စာပေသမားများအတွက် အကျိုးပြုမည့် ရည်ရွယ်ချက်ကောင်းများဖြင့် တည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ စာပေဆိုင်ရာကိစ္စရပ်များစွာကို တစ်နေရာတည်းတွင် ဆောင်ရွက်နိုင်မည့်၊ စာပေဝန်ဆောင်မှုများစွာ ပေးနိုင်မည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော အဆောက်အအုံတစ်ခု ဖြစ်မည်ဖြစ်ပါကြောင်း။

ယခုလို မွန်မြတ်သည့်ကိစ္စကြီးကို အိန္ဒိယနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်ရမည်ဖြစ်၍ မိမိအနေဖြင့် လွန်စွာဝမ်းမြောက်မိပါကြောင်း။

စာဆိုဗိမာန်၏ အကျိုးကျေးဇူးနှင့် မြန်မာနိုင်ငံသား စာရေးဆရာများ များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်သည့်အတွက် အိန္ဒိယနိုင်ငံအစိုးရကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

ရှေ့ဆက်ပြီးလည်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် မိတ်ဆွေကောင်း အိမ်နီးချင်းနိုင်ငံအဖြစ် ဆက်လက်ရပ်တည်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနသည် ယနေ့ လက်မှတ်ရေးထိုးမည့် စာဆိုဗိမာန် တည်ဆောက်ခြင်း စီမံကိန်း သဘောတူညီချက် (Project Agreement) လက်မှတ်ရေးထိုးခြင်း အခမ်းအနားမှသည် ရှေ့ဆက်ဆောင်ရွက်မည့် စီမံကိန်းနှင့် အစီအစဉ်များတွင် မိတ်ဆွေတို့နှင့်အတူ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း၊ မြန်မာ - အိန္ဒိယနှစ်နိုင်ငံ ပြည်သူများအကြား စာပေ၊ ယဉ်ကျေးမှုနှင့် မီဒီယာကဏ္ဍများတွင်လည်း ဖလှယ်ပေါင်းကူးဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr Vinay Kumar က စီမံကိန်းပူးပေါင်းဆောင်ရွက်ခွင့်ရသည့်အတွက် အိန္ဒိယနိုင်ငံ အစိုးရကိုယ်စား မုဒိတာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr Vinay Kumar တို့၏ ရှေ့မှောက်၌ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်နှင့် အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲ Mr Ashish Sharma တို့သည် စာဆိုဗိမာန် တည်ဆောက်ခြင်း စီမံကိန်း သဘောတူညီချက် (Project Agreement) ကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့သည် အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ အပြန်အလှန် ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အိန္ဒိယသံအမတ်ကြီးနှင့် တက်ရောက်လာကြသူများအား ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **သတင်းစဉ်**

## ရှမ်းမြို့ လူထုအခြေပြုဗဟိုဌာန၌ နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်

ရှမ်း မတ် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့ လူထုအခြေပြုဗဟိုဌာန၌ နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်းကို မတ် ၁၈ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်သည်။

သင်တန်းအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက ဦးဆောင်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ရွာငံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အင်္ဂလိပ်စာအခြေခံသင်တန်းအတွက် ထောက်ပံ့ငွေပေးအပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးသန့်က လက်ခံရယူပြီး တက်ရောက်သင်ကြားမည့် သင်တန်းသားများအတွက် ဗလာစာအုပ်နှင့် ဘောပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ အဆိုပါသင်တန်းကို ကျောင်းသား ကျောင်းသူ ၅၀ ဖြင့် မတ် ၁၈ ရက်မှ ဧပြီ ၅ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မွန်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



မော်လမြိုင် မတ် ၁၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချောင်းဆုံမြို့နယ် ကွမ်းသဲကျေးရွာသို့ သွားရောက်ပြီး မွန်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းတွင် ပါဝင်သည့် အမျိုးသမီးများ ဝင်ငွေတိုးရေး စီမံကိန်းဖြစ်သည့် အခြေခံ စက်ချုပ်သင်တန်းနှင့် အဆင့်မြင့် မွမ်းမံသင်တန်း ဆင်းပြီး စီမံကိန်းမှ လုပ်ငန်းသုံး စက်ကိရိယာများ ပံ့ပိုးမှုဖြင့် လုပ်ငန်း တည်ထောင်ထားသည့် သင်တန်းသူငါးဦး လုပ်ငန်းလည်ပတ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ချောင်းဆုံမြို့နယ် သမဝါယမအသင်းစုနှင့် တွေ့ဆုံ၍ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးနှင့်တောင်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေး၊ ကျေးရွာများတွင် အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစား တူညီသူများ စိတ်တူကိုယ်တူ ဆန္ဒတူသူများကို စုပေါင်း၍ သမဝါယမအသင်းများ ဖွဲ့စည်းပေးပြီး အသင်းသား တောင်သူများ၏ အဓိကလိုအပ်သော မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ သွင်းအားစုပံ့ပိုးပေးနိုင်ရေး၊ ထွက်ရှိလာသော သီးနှံများ၊ မွေးမြူရေးထုတ်ကုန်များကို ဈေးကွက်ခိုင်မာမှု ရရှိရေး လုပ်ဆောင်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မုဒုံမြို့နယ် သမဝါယမအသင်းစုတွင် အသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သော မျိုး၊ မြေ၊ ရေ၊ နည်းပညာ ရရှိရေးအတွက် စိတ်တူကိုယ်တူ ပြည်သူများ ပူးပေါင်းပြီး သမဝါယမအသင်းအစုအဖွဲ့များ ဖွဲ့စည်း၍ ရရှိလာသော အကျိုးအမြတ်ကို အသင်းအတွက် ၂၀ ရာခိုင်နှုန်းချန်၍ ကျန်ရှိသော အကျိုးအမြတ်ကို တစ်ရာသီပြီးတိုင်း ခွဲဝေနိုင်ရေး ဆောင်ရွက်ရန်နှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးနှင့် ကျေးလက်နေပြည်သူများ၏ ဝင်ငွေများ တိုးပွားရေးအတွက် ဆောင်ရွက်ကြရန် လိုကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားနိုင်ရေးအတွက် Grade-9 အောင် လူငယ်လူရွယ်များ သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းများ အခမဲ့ တက်ရောက်နိုင်ကြောင်း၊ အဆိုပါ သင်တန်းတက်ရောက်ပြီးပါက ထူးချွန်သူများအနေဖြင့် သမဝါယမကောလိပ်များ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်များသို့ ဆက်လက်ပေါင်းကူး တက်ရောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မုဒုံမြို့နယ်ရှိ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၈

ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ကော်မတီဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ ဦးဆောင်ညွှန်ကြား ရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေစနစ်သည် ဝန်ထမ်းများအတွက် ရေရှည်ဆောင်ရွက်သွားရမည့် ကိစ္စဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ပင်စင်စနစ်ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပြီး ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေစနစ် အကောင်အထည်ဖော်ရေးကို ကော်မတီအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယခုအချိန်ထိ ဆောင်ရွက်ထားရှိမှုများအပေါ် အခြေခံ၍ ဆက်လက်ဆောင်ရွက်ရန် ကိစ္စများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်သည့်ကိစ္စများ၊ ရန်ပုံငွေစနစ်ကျင့်သုံးမည့်ပုံစံနှင့် လိုက်လျောညီထွေဖြစ်မည့် ဥပဒေကြမ်းဖြစ်ရေးအတွက် လိုအပ်သည်များ ပြင်ဆင် ဖြည့်စွက်ပြီး ပြန်လည်တင်ပြနိုင်ရေး ဆက်လက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ၏ အတွင်းရေးမှူး ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေကြမ်းပါ ပြင်ဆင်ရမည့် ပုဒ်မ၊ ပုဒ်မခွဲများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမည့် အချိန်ဇယား၊ အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။ အကြံပြုဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌက သုံးသပ်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်ခံစားခွင့်များနှင့် စပ်လျဉ်း၍ ရေရှည်တည်တံ့ခိုင်မြဲပြီး အားကိုးအားထားပြုနိုင်သည့် ပင်စင်ရန်ပုံငွေစနစ်တစ်ရပ်ကို ထူထောင်ရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေကြမ်းကို ပိုမိုပြည့်စုံစေရန် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေကြမ်းပြုစုလျက်ရှိသည့် နည်းတူ ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေအဖွဲ့၏ ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များ၊ လက်တွေ့ အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရမည့် ကဏ္ဍအသီးသီးအတွက် သက်ရောက်မှုများကို လေ့လာသုံးသပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးဦးအေးကျော် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ရွာမ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အတွင်းရှိ ဓာတ်အားစနစ် ကာကွယ်ရေးနှင့် လျှပ်စစ်စမ်းသပ်ရေးဌာနအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မီတာများ စမ်းသပ်စစ်ဆေးမှု အဆင့်ဆင့်ကို လိုက်လံရှင်းလင်းတင်ပြကြပြီး တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက မီတာများ မှန်ကန်စွာ တပ်ဆင်အသုံးပြုနိုင်ရေး စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးကြရန်မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**မှာကြား**

ထို့နောက် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဝန်ထမ်းများ အားလုံး မိသားစုသဖွယ် စည်းလုံးညီညွတ်စွာ နေထိုင်သွားကြရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေး အသိ၊ သတိဖြင့် ဆောင်ရွက်ကြရန်၊ ယခုနွေရာသီကာလအတွင်း ဓာတ်ငွေ့ရရှိမှုအပေါ် ဓာတ်အားစဉ်ဆက်မပြတ် ထုတ်လုပ်ရေး ကြိုးပမ်းလုပ်ဆောင်ကြရန် မှာကြား၍ ဝန်ထမ်းများ ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စက်ရုံဝင်းအတွင်း ပစ္စည်းများ ထိန်းသိမ်းထားသိုမှု၊ စက်ရုံ၏ အထက်ဘက်မြစ်ကမ်းတွင် ရေတိုက်စားမှုကာကွယ်ခြင်းအတွက် မြေထိန်းနံရံလုပ်ငန်းဆောင်ရွက်နေမှု၊ ဓာတ်အားထိန်းချုပ်ခန်းအတွင်းနှင့် Switch Yard အတွင်း ဓာတ်အားလွှတ်ပစ္စည်းများ၊ ဓာတ်အားလိုင်းများ အဝင်အထွက် အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လဲလှယ်ပြုပြင်ပြီး ထွက်ရှိလာမည့်ပစ္စည်းများနှင့် အရန်ပစ္စည်းများကို စနစ်တကျ မှတ်တမ်းရေးသွင်းပြီး ထားသိုသိမ်းဆည်းထားရှိရန်၊ နှစ်ကာလကြာ အထုတ်/ အသွင်းမရှိသော ပစ္စည်းများကို စာရင်းမှပယ်ဖျက်၍ လေလံတင်ရောင်းချရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်၊ ပွင့်လင်းရာသီရောက်ရှိပြီဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ၂၃၀ ကေဗွီ အလုံ ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ တာဝန်ရှိသူများက Switch-Bay အသစ်တိုးချဲ့ တည်ဆောက်မည့် မြေနေရာနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံကို ရှင်းလင်းတင်ပြကြပြီး တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အာဆီယံဒေသတွင်းကလေးများအား အန္တရာယ်ဖြစ်သော အစားအသောက်နှင့် အဖျော်ယမကာများ ရောင်းချခြင်းများမှ ကာကွယ်ရန် အခြေခံစံနှုန်းများနှင့် လမ်းညွှန်ချက်များ မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၈**

အာဟာရချို့တဲ့မှုများပပျောက်ရေး အာဆီယံခေါင်းဆောင်များ ကြေညာချက်အား အကောင်အထည်ဖော်ရန်အတွက် ပြုစုရေးဆွဲထားသည့် အာဆီယံဒေသတွင်းကလေးများအား အန္တရာယ်ဖြစ်သော အစားအသောက်နှင့် အဖျော်ယမကာများ ရောင်းချခြင်းများမှကာကွယ်ရန် အခြေခံစံနှုန်းများနှင့် လမ်းညွှန်ချက်များ မိတ်ဆက်ခြင်းအခမ်းအနားကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ Virtual စနစ်ဖြင့် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက Video Message ပေးပို့၍ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးက Video Message ဖြင့် အဖွင့်အမှာစကားပြောကြားပြီး UNICEF အဖွဲ့ EAPRO Regional Director က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများက Video Message ဖြင့် အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက Video Message ဖြင့် အမှာစကား ပြောကြားရာတွင် အာဟာရပိုင်းဆိုင်ရာ အာဆီယံမဟာဗျူဟာမူဘောင်နှင့် ဆောင်ရွက်မှုအစီအစဉ်တွင် နောင်လာမည့် လမ်းညွှန်ချက်များနှင့် စံချိန်စံညွှန်းများ ထုတ်ပြန်နိုင်ရေး မျှော်လင့်ပါကြောင်းနှင့် အာဆီယံဒေသတွင်း အာဟာရချို့တဲ့မှုများ ပပျောက်ရေး အာဟာရပိုင်းဆိုင်ရာ အခြားသော သက်ဆိုင်သည့်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘာသာရပ်ဆိုင်ရာပညာရှင်များက အာဆီယံဒေသတွင်းကလေးများအား အန္တရာယ်ဖြစ်သော အစားအသောက်နှင့် အဖျော်ယမကာများ ရောင်းချခြင်းများမှကာကွယ်ရန် အခြေခံစံနှုန်းများနှင့် လမ်းညွှန်ချက်များ အသုံးပြုနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။




အဆိုပါအခမ်းအနားသို့ အာဟာရပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ UNICEF အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာမျှဝေခြင်းအစီအစဉ် Knowledge Sharing Program အရ "နိုင်ငံသားများ၏ အခွင့်အရေးနှင့်တာဝန်များ – Rights and Duties of the Citizens" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး Conference Room ၌ ကျင်းပသည်။

**တက်ရောက်**

ဟောပြောပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့်ရုံးခွဲများမှအရာထမ်း၊ အမှုထမ်းများတက်ရောက်ကြသည်။




ဦးစွာ ကော်မရှင်ဥက္ကဋ္ဌက "နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်များ – Rights and Duties of the Citizens" ခေါင်းစဉ်ဖြင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights – UDHR) ပါ အခွင့်အရေးနှင့် တာဝန်ရှိမှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ ပြည်သူ့စစ်မှုထမ်းခြင်းနှင့်စပ်လျဉ်းသည့် ကမ္ဘာ့နိုင်ငံများကျင့်သုံးသည့်သမိုင်း၊ မြန်မာ့သမိုင်းတွင် နိုင်ငံကာကွယ်ရေးအတွက် ဆောင်ရွက်ခဲ့သည့်ဖြစ်စဉ်များ၊ မျက်မှောက်ခေတ် ပြည်သူ့စစ်မှုထမ်းစနစ် ကျင့်သုံးသောနိုင်ငံများ၊ ပြည်သူ့စစ်မှုထမ်းတာဝန်မှ ယာယီရွှေ့ဆိုင်းခွင့်ရရှိသူများနှင့် ဥပဒေအရ ကင်းလွတ်ခွင့်ရသူများ၊ နိုင်ငံ့သားကောင်းဂုဏ်ရည်နှင့် ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ခြင်း၏ အကျိုးရလဒ်များ စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက နိုင်ငံအချို့၏ ပြည်သူ့စစ်မှုထမ်းခြင်းသာဓကများနှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးနှင့် တာဝန်ရှိမှုတို့ကို ဆွေးနွေးဟောပြောကြရာ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ရုရှားနှစ်နိုင်ငံပြည်သူများ ချစ်ခင်ရင်းနှီးမှုနှင့် ကူးလူးဖလှယ်ဆက်ဆံမှုများ တိုးမြှင့်လုပ်ဆောင်လာစေရေး မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေး

**ရန်ကုန် မတ် ၁၈**

မြန်မာ-ရုရှား နှစ်နိုင်ငံပြည်သူများ ချစ်ခင်ရင်းနှီးမှုနှင့် ကူးလူးဖလှယ်ဆက်ဆံမှုများ တိုးမြှင့်လုပ်ဆောင်လာစေရေး မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့များ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ MI Channel ညွှန်ကြားရေးမှူး ဒေါ်လိန်းမောင်းပန်နှင့်အဖွဲ့၊ The Global New Light of Myanmar သတင်းစာမှ အထွေထွေမန်နေဂျာ ဦးဝင်းဇော်ဌေး၊ စာတည်းမှူးချုပ် ဦးအောင်သူရနှင့် အဖွဲ့၊ ရုရှားနိုင်ငံ ITAR–TASS သတင်းဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် မစ္စတာမီခေးလ်ဂက်စ်မန်း ဦးဆောင်သောအဖွဲ့တို့ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် နှစ်နိုင်ငံသတင်းဖလှယ်မှု၊ အပြန်အလှန် သွားရောက်လေ့လာမှု၊ သင်တန်းများ ဖွင့်လှစ်လေ့လာမှု၊ ဂီတအနုပညာဖလှယ်မှု၊ နိုင်ငံတော်သံစုံတီးဝိုင်း လေ့ကျင့်ရေးနှင့် ပတ်သက်၍ နားလည်မှုစာချွန်လွှာ နှစ်ဖက်ပြုစု၍ လက်မှတ်ရေးထိုးနိုင်ရန်နှင့် လာမည့် စက်တင်ဘာလအတွင်း ITAR – TASS သတင်းဌာန နှစ်(၁၂၀)ပြည့် အခမ်းအနားသို့ မြန်မာမီဒီယာအဖွဲ့အား ဖိတ်ကြားလိုမှုတို့ကို ဆွေးနွေးကြသည်။ ထို့နောက် အမှတ်တရပစ္စည်းများ ပေးအပ်၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၃၁၆၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၂ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်**
**(၁၈-၃-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၀–၃–၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇–၃–၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃,၁၆၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ရာသီကြက်ဆောင်း လတပေါင်း

ကိုဇော်ဌေး(ယဉ်ကျေးမှု)



ဆောင်းသက်လေ၊ ရော်ရွက်ကြွေ မြေမှာခပါတဲ့၊ နွေလအပြောင်း။ ပြာနုငယ်ကြည်၊ ကာဠုဒေထေရ်ဂါထာစီတဲ့၊ ရာသီမိန်ချိန်သမယမှာ၊ လွမ်း(စရာ့)လှတပေါင်း။ ။

ဟူသော စာရေးတော်ကြီး ဦးမောင်ကလေး၏ တပေါင်းလဘွဲ့ လက်တန်းကဗျာကို ဤလသို့ရောက်တိုင်း အမှတ်ရနေမိတော့သည်။

ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းတွင် တစ်နှစ်၊ ဆယ့်နှစ်လရာသီမှာ ရှိကြမြဲဖြစ်သည်။ အချို့မှာ နတ်များကို အစွဲပြု၍လည်းကောင်း၊ ပျော်ပါးမှုကို အစွဲပြု၍လည်းကောင်း၊ အစားအသောက်များကို အစွဲပြု၍လည်းကောင်း အမျိုးမျိုးပင် အမည်မှည့်ခေါ်ကြသည်။ ထို့ပြင် ဆယ့်နှစ်ရာသီ၏ အလှများကိုလည်း ဖွဲ့ဆိုကြသေးသည်။ ထိုသို့ဖွဲ့ဆိုရာ၌ ကောင်းကင်အမြင်နက္ခတ်များ၊ ဆယ့်နှစ်လ ဥတုရတုများ၊ ဆယ့်နှစ်လပွင့်သောပန်းများ၊ လပွဲတော်များ၊ ဆယ့်နှစ်လတွင် မြူးကြသော ငှက်တိရစ္ဆာန်လိပ် ငါး ပုစွန်များ၊ မိုးလေဝသအကြောင်းများ၊ လွမ်းဖွယ်၊ ကြည်နူးသာယာဖွယ်အကြောင်းခြင်းရာများ စသည်တို့မှာ ဆယ့်နှစ်ရာသီဖွဲ့ တေးဂီတများတွင် ပါဝင်ရမြဲဖြစ်လေသည်။

လအမည်များကို သင်္ကြာတဗေဒင်နက္ခတ်ကျမ်းတို့၌ ကောင်းကင်ပြင်တွင် ဖြစ်ပေါ်နေသော ကြယ်တာရာ၊ နက္ခတ်ရုပ်တို့ကို အကြောင်းပြု၍ မှည့်ခေါ်လေ့ရှိကြသည်။ ပါဠိဘာသာအားဖြင့်ကား စန်းယှဉ်နက္ခတ်ကို အကြောင်းပြု၍ ခေါ်ဝေါ်လေ့ရှိသည်။ မြန်မာမှု၌ကား လုပ်ငန်းကိုအကြောင်းပြု၍လည်းကောင်း၊ သာသနာတော်ရေးကို အကြောင်းပြု၍လည်းကောင်း မှည့်ခေါ်ကြခြင်းဖြစ်သည်။ ပမာအားဖြင့် ပြာသို(ပြာသိုဝ်)လသည် မိမိတို့ နေရေး၊ ထိုင်ရေး၊ သုံးစွဲရေးနှင့်သက်ဆိုင်သောလ ဖြစ်သည်။ ရှေးလူကြီးများသည် ပျားအုံများကို ဖွပ်၍ ပျားဖယောင်းများကို စစ်ယူကာ လာမည့်လရက်များတွင် ဖယောင်းတိုင်ပြုကာ မီးထွန်းရန်အတွက် စုဆောင်းသိုသိပ်သောလပင်ဖြစ်သည်။ တပို့တွဲလမှာလည်း လုပ်ငန်းနှင့်သက်ဆိုင်သောလဖြစ်သည်။ ထန်းတက်ခြင်းဖြင့် အသက်မွေးသောသူတို့၏(ဝါ)ထန်းတက်သမားတို့၏ လုပ်ငန်းအစသာလျှင်ဖြစ်သောလဖြစ်သည်။ စင်စစ် တပို့တွဲမဟုတ်၊ ထန်းပို့တွဲလသာဖြစ်သည်။ ထန်းပင်မှပိုထွက်နေသော ထန်းလက် ထန်းရွက်အရင့်တို့ကို ခုတ်ထစ်ပြုပြင်ရသောလဖြစ်သည်။ ထန်းပို့တွဲ-ထန်းပင်မှ ပို၍ တွဲလောင်းကျနေသည်တို့ကို ပြုပြင်ရသောလဖြစ်သည်။ ထို့အတူ တပေါင်းလမှာလည်း ထန်းသမားတို့ တပို့တွဲလတွင် ပြုပြင်ထားသော ထန်းနို့ထန်းခိုင်စသည်တို့ဝယ် မြူအိုးဖြင့်ခံ၍ ရသော ထန်းရေတို့ကို ဖျဉ်းအိုးကြီးများဖြင့် စုပေါင်းရသော (ဝါ) ကြိုရသောလဖြစ်၍ ထန်းပေါင်းလဟုခေါ်ကြပြီး ထိုမှ တပေါင်းလဟု ဖြစ်လာလေသည်။ လုပ်ငန်းကိုအကြောင်းပြု၍ မြန်မာလတို့ကို သတ်မှတ်ကြသည်ဟု ရှေးပညာရှိတို့က သို့နှယ်ဆိုကြလေသည်။

ထန်းပေါင်းလ၊ တပေါင်းလသည် ကျက်သရေအပေါင်း အုပ်ဆောင်းစိုးမိုးနေသည့်အတွက် ကြက်ဆောင်းလဟူ၍လည်း ခေါ်ကြသေးသည်။ တပေါင်းလသည် နွေရာသီ၏ အဦးအစဖြစ်၍ ရွက်ဟောင်းများကြွေဆင်းကာ ရွက်သစ်များပေါ်ထွက်ချိန်ဖြစ်သည်။ ဥဩငှက်၏ ရင့်ကျူးမြည်ကြွေး ချိုအေးသောအသံတို့ဖြင့် လောကအား စိုးမိုးထားပြန်သည်။ ရှင်တော်မြတ်ဘုရား၏ ဟောကြားတော်မူသော လောကုတ္တရာတရားတော်မြတ်တို့ကို နွေဦးလဖြစ်သော တပေါင်းလနှင့်တူကြောင်းကို "ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊ ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ၊ တထူပမံ ဓမ္မဝရံ"ဟူ၍ ဟောတော်မူလေသည်။ ထိုသည်ကို အမှီပြု၍ "စုံနံ့သာမြိုင် ရှာပုံတော်ကြီးတွင် "သြော်…ကုန်းမူခင်ရိုး၊ မြူခိုးငယ်မှုန်၊ ကုံရာသီပြောင်း၊ လတပေါင်း၊ ညှာညောင်းစွန့်ချိန်၊ ညို့ညို့ညီးလို့၊ ရှို့မီးတွေထိန်၊ ဂိမှေပထမ၊ ပုရစ်ဖူးတံ၊ ခေတ်ကြူးပြန်၊ သစ်ထူးဟန်သတာမို့၊ ဘရဂုဏ္ဍိ၊ ယုဂန်လမ်းက၊ ယုန်စန်းငယ်ချီ၊ ရွှေဖီမွှေးခိုက်…."ဟူ၍ သီကုံးစပ်ဆိုထားလေသည်။

## တပေါင်းပွဲတော်

ဗုဒ္ဓဘုရားရှင်လက်ထက်တော်က ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးလျက် အင်္ဂတိုင်းနှင့် မဂဓတိုင်းမှ ဒကာမများအား တရားရေအေးတိုက်ကျွေးလျက်ရှိသည်။ ထိုသတင်းကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ကြားသိသောအခါ သားဘုရားကို ဖူးတွေ့ချင်သဖြင့် အမတ်တစ်ယောက်ကို အခြွေအရံတစ်ထောင်နှင့်အတူ စေလွှတ်၍ ပင့်ဆောင်ခိုင်းလေသည်။ ထိုအမတ်သည် ဗုဒ္ဓထံရောက်သောအခါ ဗုဒ္ဓဟောကြားသည့် တရားကိုနာပြီး အခြွေအရံတို့နှင့်အတူ ရဟန်းပြုသွားလေသည်။ ဤနည်းဖြင့် အမတ်တို့ကို ကိုးကြိမ်တိုင်အောင် စေလွှတ်သော်လည်း အားလုံးရဟန်းပြုသွားကြသည်။ ဆယ်ကြိမ်မြောက်တွင် ဗုဒ္ဓဘုရားရှင်နှင့် ဖွားဖက်တော်ဖြစ်သည့် ကာဠုဒါယီအမတ်ကို စေလွှတ်ပြန်သည်။ ကာဠုဒါယီအမတ်သည် ယခင်ရှေးနှယ် ရဟန်းပြုခဲ့သော်လည်း ခရီးလမ်းပန်းသာယာသော တပေါင်းလအချိန်သို့ရောက်သောအခါတွင် "အင်္ဂါရိနောဒါနိ ဒုမာဘဒ္ဒန္တေ" ဟူ၍ အစချီသည့် ဂါထာခြောက်ဆယ်ဖြင့် တပေါင်းလရာသီ၌ တောအုပ်၏ တင့်တယ်ပုံကို ကာဠုဒါယီမထေရ်က လျှောက်သည့်အတိုင်း မြတ်စွာဘုရားသခင်သည် ကပိလဝတ်ပြည်ကို ကြွချီတော်မူခဲ့သည်။ ယင်းကို သျှင်အုန်းညိုကလည်း ဂါထာခြောက်ဆယ်ပျို့တွင် ကာဠုဒါယီမထေရ်မြတ်စွာဘုရားအား လျှောက်ထားသည့်ဟန် ဖွဲ့နွဲ့စပ်ဆိုခဲ့သည်။ သျှင်ဥတ္တမကျော်၊ မယ်ခွေ၊ မဟာအတုလမင်းကြီး၊ လူဦးမင်း၊ ဦးယာ၊ သူတော်ဦးမင်း၊ စလေဦးပုည စသည့်စာဆိုတို့ကလည်း တပေါင်းလ၏ သာယာပုံကို တခမ်းတနား သီကုံးဖွဲ့နွဲ့ခဲ့ကြသည်။ သျှင်ဥတ္တမကျော်က သူ၏တောလားကဗျာကြီး၌ တပေါင်းလ၏ သာယာပုံကို "လေခမြေ သက်၊ စျာန်ဝိတက်သို့၊ သစ်ရွက်ယော်ယီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား"ဟု ချီးကျူးဖွဲ့ဆိုခဲ့သည်။ ကုန်းဘောင်ခေတ် ပြဇာတ်ဆရာကြီး ဦးကြင်ဥကမူ "ရှစ်ခွင်တိုင်း၊ မှုန်မှိုင်းတဲ့ပတ်လည်။ ။ သဇင်ကြွင်းငယ်နှင့်၊ အင်ကြင်းသန္တာ ညွန့်ငယ်တို့၊ ဖူးကွန့်ကိုက်စည်။ ။ ဘမရာ ရွှေပိတုန်းငယ်တို့၊ ချွေသုံးကြဝတ်ရည်၊ ဆွတ်ကြည်ဘွဲ့ဖော်ကွဲ။ ။ ယင်းသည့်နေ့ဆိုင်၊ ရသေ့သူတော်တိုင်မှ၊ ဉာဏ်မခိုင် စျာန်ယိုင်လျှောရတယ်၊ ရာသီတွင် ခါညီပြောပေပ၊ ကြော့၍သာမြဲ။"ဟု တပေါင်းလ၏ စာပန်းချီကို ရွေးချယ်သီကုံးခဲ့သည်။

တပေါင်းလပြည့်နေ့သည် ဘုရားရှင်ပြည်တော်ဝင်ရန် စတင်ခြေလှမ်းကြွသည့်နေ့ဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်ဖြစ်ခဲ့သည်။ ကာဠုဒါယီမထေရ်၏ တင်လျှောက်မှုအရ ပန်းပေါင်းစုံတို့သည် ကားကားစွင့်စွင့် ဖူးပွင့်ချိန်လည်းဖြစ်သည်။ အဆိုင်ဆိုင်သော သစ်သီးသီးနုသီးရင့်တို့ဖြင့်လည်း ပြည့်စုံနေကြသည်။ ကျေးငှက်သာရကာတို့လည်း ဘာသာဘာဝပျော်ကြချိန်ဖြစ်သည်။ သာမန်အားဖြင့် နွေဦးကာလဖြစ်ငြားရွက်ဟောင်းစွန့်၍ ရွက်သစ်လွန်ကာ အညွန့်အတက်များ ပေါ်ထွက်ခြင်းဖြင့် ပန်းချီကားတစ်ချပ်နှယ်တင့်တယ်လှပ သာယာလှသော အချိန်ကာလဖြစ်သည်။ ခရစ်ပြက္ခဒိန်အရမူ မတ်လပင်ဖြစ်တော့သည်။

တစ်ဖန် တပေါင်းလကို နက္ခတ်ဗေဒင်နည်းဖြင့်ကြည့်လျှင် ကောင်းကင်ပြင်တွင် ကြယ်နက္ခတ်တာရာတို့မှာ ငါးကြင်းအဖိုအမ၊ ကျောချင်းကပ်နေသော ပုံသဏ္ဍာန်ထင်နေသည့်အတွက် မိန်ရာသီခေါ်ကာ ပါဠိဘာသာအားဖြင့် 'ဖဂ္ဂုဏမာသ'ဟူ၍ခေါ်တွင်လေသည်။ ရာသီအားလျော်စွာ ပွင့်ကြသည့်ပန်းကား သရဖီပန်း၊ ပိတောက်ပန်း၊ အင်ကြင်းပန်းတို့ပွင့်၍ ဥတ္တရာဘရဂုဏ္ဍီ (ဥတ္တရ ဖလဂုဏ္ဍီ) နက္ခတ်နှင့် စန်းယှဉ်ကာ ဆံကျင်တာရာမှာလည်း တစ်ပါတည်းယှဉ်တွဲလျက် နေရှံသာမက နေမင်းသည် ပြုဗ္ဗာဘဒြပိုဒ်နက္ခတ်နှင့် ယှဉ်နေလေတော့သည်။ သရဖီပန်းကို ရာသီပန်းအဖြစ် အသိအမှတ်ပြုကြသည်။

## သဲပုံစည်းခုံစေတီ

တပေါင်းလတွင် သဲပုံစေတီတည်ခြင်း၊ ဘုရင်မင်းမြတ်နှင့်တကွ မင်းမှူထမ်းရာထမ်းတို့သည် စေတီပုထိုးများ၌ ဆီမီးများကို ထွန်းညှိပူဇော်ခြင်းများပြုကြသည်။ မြစ်ယံသောင်ဦး ကမ်းနဖူး စသောနေရာများ၌ သဲပုံစေတီကိုတည်ကြပြီး ထိုသဲပုံစေတီ၌ပင် ဆွမ်းတော်ကြီးတင်ပွဲများကို နံနက်အရုဏ်တက်အချိန်၌ ပြုလုပ်လှူဒါန်းကြသည်။ ရှေးအခါက တောင်သူလယ်သမားတို့ တည်ထားလေ့ရှိသော သဲပုံစေတီတော်များမှာ မူလတည်ခါစအချိန်တွင် အုတ်ဖြင့် မပြုလုပ်နိုင်ကြ၍ ရိုင်ပတ်တွင် သဲများဆင့်ပြီး တည်ထားလေ့ရှိသည်။ ထို့နောက်မှ နှစ်ကာလကြာလျှင် အုတ်တို့ဖြင့် စေတီကိုငုံလျက် စေတီကြီးအဖြစ်သို့ ဆက်လက်တည်ဆောက်ကြသည်ဟု ဆိုသည်။

စာဆိုတော် ဦးမင်း၏ "မိန်တြွင်းပေမို့"ချီ တပေါင်းလဘွဲ့လေးချိုးကြီးတွင် "မြမြစ်ကယ်ရင်ပေါင်၊ ကြူငွေသောင်မှာ၊ ယခေါင်စဉ်ရှည်၊ သဲစာတီတည်မြဲမို့"ဟူ၍ မြစ်ထဲက သောင်ပေါ်မှာ ပေါ်ရာဏအခေါ် "စာတီ" ယခုအခေါ် "စေတီ" တည်ထားကြောင်း ဆိုပါသည်။ ထို့ကြောင့် ရှေးအခါကာလက "စည်းခုံ"ဟူ၍လည်းကောင်း၊ "စဲခုံ" ဟူ၍လည်းကောင်း သမုတ်ခဲ့ကြသည်။ ပုဂံခေတ် အနော်ရထာမင်းစောဟုခေါ်ကြသော "အနုရုဒ္ဓဒေဝ"မင်းသည် သီဟိုဠ်ကျွန်း၌ နန်းစံသော "သင်္ဃဗောဓိမင်း" ဟုခေါ်သော "ဓာတုသေန" မင်း၏ ညွှန်ကြားလွှာအရ၊ သီဟိုဠ်မင်း ၁၄ ဆက်မြောက်သော "ဒုဋ္ဌဂါမဏိ" မင်းသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၃၇၀ အကြာတွင် တည်ထားသော "ဟေမမာလာ" ခေါ် "ရတနာစေတီကြီး" တစ်ဆူကို ပုဂံမြို့အနီးရှိ ဧရာဝတီမြစ်ကမ်းသဲခုံတွင် "ရွှေစည်းခုံ" ဟူသော ဘွဲ့သတ်မှတ်ပြီး စွယ်တော်မြတ်ကို ဌာပနာတည်ဆောက်ခဲ့သည်။ ထို့ကြောင့် "စည်းခုံ"ဆိုသည်မှာ "သဲခုံ" ဟူသော အဓိပ္ပာယ်ကိုယူခြင်းဖြစ်ပြီး သဲပုံစေတီများကို တည်ဆောက်ကြခြင်းဖြစ်သည်။

"မိန်ရာသီလန်း၊ တပေါင်းဆန်းလို့၊ နတ်ပန်းရွှေဖီ၊ ဖူးညွတ်ချီမှာ၊ သဲနဒီသောင်ခုံမြင့်က၊ ဖူးစချင့်ဖွယ်" ဟူ၍ ရှေး ဆယ့်နှစ်လရာသီ တေးဘွဲ့ကဗျာတစ်ပုဒ်တွင်လည်း ဖော်ပြထားသည်ကို တွေ့ရသည်။

စာမျက်နှာ ၁၂ သို့ ❐

ထန်းပေါင်းလ၊ တပေါင်းလသည် ကျက်သရေအပေါင်း အုပ်ဆောင်းစိုးမိုးနေသည့်အတွက် ကြက်ဆောင်းလဟူ၍လည်း ခေါ်ကြသေးသည်။ တပေါင်းလသည် နွေရာသီ၏ အဦးအစဖြစ်၍ ရွက်ဟောင်းများကြွေဆင်းကာ ရွက်သစ်များ ပေါ်ထွက်ချိန်ဖြစ်သည်။ ဥဩငှက်၏ ရင့်ကျူးမြည်ကြွေး ချိုအေးသောအသံတို့ဖြင့် လောကအား စိုးမိုးထားပြန်သည်။ ရှင်တော်မြတ်ဘုရား၏ ဟောကြားတော်မူသော လောကုတ္တရာတရားတော်မြတ်တို့ကို နွေဦးလဖြစ်သော တပေါင်းလနှင့်တူကြောင်းကို "ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊ ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ၊ တထူပမံ ဓမ္မဝရံ"ဟူ၍ ဟောတော်မူ

# ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ ကျင်းပ

**ဇလွန် မတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ရှစ်ရက်ကြာကျင်းပမည့် မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနီယပွဲတော်အား ယနေ့နံနက် ၇ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ခဲ့သည်။

ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ မြောက်ဘက်စောင်းတန်း မုခ်ဦးရှေ့တွင် ကျင်းပသော တပေါင်းလဗုဒ္ဓပူဇနီယပွဲတော်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ဂန္ဓကုဋီတိုက်တွင် ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ အခမ်းအနားကို "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး ဩဝါဒါစရိယ သဖန်းကုန်းဆရာတော် ဘဒ္ဒန္တဉာဏိကထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများလျှောက်ထားခဲ့ပြီး ဆရာတော်၊ သံဃာတော်များအား နဝကမ္မလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် ဩဝါဒါစရိယ သဖန်းကုန်းဆရာတော် ဘဒ္ဒန္တဉာဏိကထံမှ ရေစက်ချတရားနာကြား၍ "ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနား ပြီးမြောက်ခဲ့သည်။

ဇလွန်(ပြန်/ဆက်)



# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) သတ္တမနေ့တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူမှုရေးသိပ္ပံဘာသာရပ် ဖြေဆိုရန် စာရင်းပေးသွင်းသူ နှစ်ဦးရှိပြီး တစ်ဦး လာရောက်ဖြေဆို

**နေပြည်တော် မတ် ၁၈**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူမှုရေးသိပ္ပံဘာသာရပ် ဖြေဆိုရန် စာရင်းပေးသွင်းထားသူ နှစ်ဦးရှိပြီး တစ်ဦး လာရောက်ဖြေဆိုသည်။

လူမှုရေးဘာသာရပ် ဖြေဆိုရန် မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား တစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသမီး တစ်ဦး စာရင်းပေးသွင်းခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသမီးတစ်ဦး လာရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ် စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

ဘာသာရပ် - လူမှုရေးသိပ္ပံ

ရက်စွဲ၊ ၁၈-၃-၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေ အတွက် | မြို့နယ် အရေ အတွက် | စာစစ်ဌာန အရေ အတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | မန္တလေး | ၁ | ၁ | ၁ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀.၀၀% | ၁၀၀.၀၀% | |
| ၂ | ရန်ကုန် | ၁ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၂ | ၂ | ၂ | ၁ | ၁ | ၂ | ၀ | ၁ | ၁ | ၁ | ၀ | ၁ | ၅၀.၀၀% | ၅၀.၀၀% | |

မှတ်ချက် - စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ လူမှုရေးသိပ္ပံဘာဘာရပ်အား နိုင်ငံတစ်ဝန်း၌ ရန်ကုန်မြို့မှ တစ်ဦးတည်းဖြေဆို

**ရန်ကုန် မတ် ၁၈**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကိုရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စာစစ်ဌာန ၇၃ ခုတွင် မတ် ၁၁ ရက်မှစတင်၍ မတ် ၁၉ ရက်အထိ ဘာသာတွဲလေးမျိုးကို ဖြေဆိုလျက်ရှိရာ မတ် ၁၆ ရက်၌ ဘာသာတွဲသုံးတွဲ ဖြေဆိုမှု ပြီးဆုံးခဲ့ပြီး ယနေ့တွင် Stams (2)အတွဲမှ လူမှုရေး သိပ္ပံဘာသာရပ်ကို စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသူ တစ်ဦးတည်းဖြေဆိုခဲ့သည်။

၂၀၂၃-၂၀၂၄ ခုနှစ် စာသင်နှစ်သည် Grade 12 သင်ရိုးသစ်တွင် စနစ်သစ်ဖြင့် စတင်လေ့ကျင့်၊ သင်ကြားရခြင်းဖြစ်ပြီး တက္ကသိုလ်စာမေးပွဲကို ဘာသာတွဲလေးမျိုးဖြင့် ဖြေဆိုရခြင်းဖြစ်သည်။ Steams (1) တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ အတွဲဖြင့်လည်းကောင်း၊ Steams (2) တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဘောဂဗေဒ အတွဲဖြင့်လည်းကောင်း၊ Stams (1) တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ အတွဲဖြင့်လည်း ကောင်း၊ Stams (2) တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ လူမှုရေးသိပ္ပံနှင့် စိတ်ကြိုက်မြန်မာစာဘာသာတွဲများဖြင့်လည်းကောင်း ဘာသာတွဲလေးမျိုး၌ မိမိတို့နှစ်သက်ရာ ဘာသာတွဲများဖြင့် ကျောင်းသားကျောင်းသူများ ဖြေဆိုခဲ့ခြင်းဖြစ်သည်။

မတ် ၁၆ ရက်တွင် Steams (1),(2)နှင့် Stams (1)အတွဲများ ဖြေဆိုမှုပြီးစီးခဲ့ပြီး Stams (2) အတွဲ ဖြေဆိုမှုမှာ မတ် (၁၉) ရက်တွင် ပြီးဆုံးမည် ဖြစ်သည်။ စိတ်ကြိုက် မြန်မာစာဘာသာရပ်ပါဝင်သော Stams (2) အတွဲအား နိုင်ငံတစ်ဝန်းတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ကျောင်းသား ကျောင်းသူ နှစ်ဦး ဖြေဆိုရန် စာရင်းပေးသွင်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ စာစစ်ဌာန၌ မြန်မာစာဖြေဆိုသောနေ့မှစ၍လာရောက် ဖြေဆိုခြင်းမရှိခဲ့ဘဲ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၂)အထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသူတစ်ဦးတည်းသာ ဖြေဆိုလျက်ရှိကာ စိတ်ကြိုက်မြန်မာစာပါဝင်သော ဘာသာတွဲအား ခုနစ်နှစ်မြောက် အဖြစ် မလျှော့သောဇွဲလုံ့လဖြင့် ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

❒ စာမျက်နှာ ၁၁ မှ

**ဆွမ်းတော်ကြီးပွဲ**

ထိုသဲပုံစေတီ၌ပင် ဆွမ်းတော်ကြီးတင်ပွဲများ ကျင်းပရင်း ဆွမ်းတော်ကြီးပွဲနှင့် အရုဏ်တော် လှည့်လည်ပွဲများ ဖြစ်ပေါ်လာလေသည်။ ထိုမှ ကုန်းဘောင်ဆက် သာယာဝတီမင်း၏ လှုံ့ဆော်မှုဖြင့် မြန်မာသက္ကရာဇ် ၁၁၉၉ ခုနှစ် ကဆုန်လဆန်း ၁၅ ရက်နေ့တွင် ဗုဒ္ဓသာသနာတော်နှင့်စပ်လျဉ်း၍ ပွဲလမ်းအမျိုးမျိုးရှိသည့်အနက် ဆွမ်းတော်ကြီးတင်ပွဲသဘင်ကို ဆက်ကပ်လှူဒါန်းရန် စေ့ဆော်နိုင်သည်အထိ သက်ရောက်ခဲ့လေသည်။ သာယာဝတီမင်းသည် နိုင်ငံတော်အထက်အောက် လှည့်လည်သူဖြစ်ရာ လူထု၏စိတ်ခါတ်ပြုပြင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အသက်မွေးမြူရေး စသည်တို့ကို ကောင်းစွာ လေ့လာဆည်းပူးမိသူဖြစ်သည်။ ထို့ကြောင့် လူထုတစ်ရပ်လုံးအား စိတ်ဓာတ်မြင့်မြတ်စေခြင်း၊ စည်းလုံးညီညွတ်စေခြင်း စသောနည်းအမျိုးမျိုးတို့ကို အမြဲမပြတ် ကြံစည်စိတ်ကူးစေ့ဆော်နိုင်သည့် မင်းတစ်ပါးဖြစ်သည်ဟု ဆိုနိုင်လေသည်။ "အရုဏ်တော်" ဟု ခေါ်ကြသော ဆွမ်းတော်ကြီး အလှူခံလှည့်လည်ပွဲများကို လူစုလူဝေးနှင့်တကွ တူရိယာမျိုးစုံ တီးမှုတ်ကခုန်လျက်၊ ရပ်ကွက်များ၌ လှည့်လည်လေ့ရှိကြသည်မှာ ဆွမ်းတော်ကြီးတင်ပွဲနှယ်ဖြစ်သည်။ အရုဏ်တော်ပွဲများကို ဆောင်ရွက်ခြင်းဖြင့် တစ်ရွာလုံး တစ်မိပေါက်ကဲ့သို့ တညီတညွတ်တည်း စည်းလုံးခြင်းအကျိုးကို ရရှိခဲ့ကြသည်။

**ပုန်းမကြည်တင်ပွဲ**

တပေါင်းလတွင် အချို့ဒေသများ၌ ပုန်းမကြည်တင်ပွဲများကို ပြုလုပ်ကြသည်။ ဓမ္မပဒပါဠိတော်တွင်လာသည့် 'ကာလီယက္ခနီ' ဘီလူးမ၏ ကြောင်တစ်လှည့်၊ ကြက်မတစ်လှည့်။ သစ်မတစ်လှည့် သမင်မတစ်လှည့်။ ဘီလူးမတစ်လှည့် လူမိန်းမတစ်လှည့် ကလဲ့စားချေလိုသော ဆုတောင်းအတိုင်း ပြည့်၍ လက်စားချေကြပြီး နောက်ဆုံး၌ မြတ်စွာဘုရား၏ "နဟိဝေရေန ဝေရာနိ' အစချီ ဂါထာဖြင့် ဟောပြောကာ ရန်ကိုရန်ချင်း မတုံ့နှင်းကောင်း ဒေသနာတော်ကြောင့် ဘီလူးမမှာ သောတာပန်ဖြစ်သွားလေသည်။ လူမိန်းမသည် သူတော်ကောင်းဖြစ်သွားသော ဘီလူးမအား အိမ်သို့ခေါ်သွားကာ "မောင်းတင်းကုပ်"ထဲ၌ နေရာချထားပေးသည်။ သို့ရာတွင် ဘီလူးမမှာ လူသူထဲတွင် မနေနိုင်သောကြောင့် ရွာနှင့်မနီးမဝေး၊ ဆိတ်ငြိမ်သော တောအုပ်ထဲသို့ပို့ထားပြီး ထမင်းယာဂုများကို အမျိုးသမီးက လာရောက်ပို့ပေးသည်။ ဘီလူးမကလည်း လူမိန်းမကို ပြန်လည်စောင့်ရှောက်သည်။ ထိုမှ ရွာသားအများပါဝင်လာကာ ဘီလူးမမှာ ပုဗ္ဗကြယ်-ပုန်းမကြည် စသော အမည်တို့ဖြင့် တောင်သူလယ်သမားတို့၏ ကိုးကွယ်ခြင်းကို ခံရလေသည်။

တပေါင်းလသည် ခရစ်နှစ်ပြက္ခဒိန်၏ တတိယမြောက်လဖြစ်သည့် မတ်လအတွင်း ကျရောက်သည်က များလေသည်။ မတ်လသည် ရက်ပေါင်းပြည့်ပြည့်ဝဝဖြင့် ၃၁ ရက်သတ်သောလလည်း ဖြစ်သည်။ ဆယ့်နှစ်လရာသီပွဲတော်များနှင့် စည်ကားနေသော မြန်မာပြည်ဝယ် မတ်လအတွင်း၌ ပွဲတော်များဖြင့် စည်ကားလျက်ရှိသလို ရွက်ဟောင်းကြွေကာ ရွက်နုများဝေသည့်အချိန်ဖြစ်သည်နှင့်အညီ ပတ်ဝန်းကျင်တစ်ခုလုံး သာယာစိုပြည်မှုအပေါင်းနှင့် ပြည့်စုံလှသော လတပေါင်းလည်း ဖြစ်ပေတော့သည်။ ။

**မှီငြမ်း**

၁။ စာပေဝတ်ဆံ(ဒဂုန်နတ်ရှင်)

၂။ ကျေးလက်ရိုးရာမြန်မာမှုဓလေ့များ (ဆင်ဖြူကျွန်းအောင်သိန်း)

# ရုရှားနိုင်ငံ၏ ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဗလာဒီမာပူတင် သောင်ပြိုကမ်းပြို အနိုင်ရရှိ

**မော်စကို မတ် ၁၈**

ရုရှားနိုင်ငံ ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဗလာဒီမာပူတင်သည် ယမန်နေ့က ပဉ္စမသက်တမ်းအတွက် သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ကြောင်း ယနေ့အန်င်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ယခု ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲတွင် မဲပေးခဲ့ကြသည့် နိုင်ငံသားများအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် ရွေးကောက်ပွဲ၏ ရလဒ်သည် ရုရှားနိုင်ငံ၏ အင်အားဖြစ်ပြီး စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည်ဟု ပူတင်က ပြောကြားသည်။

ရွေးကောက်ပွဲတွင် ကွန်မြူနစ်ပါတီကိုယ်စားလှယ်လောင်း Nikolai Khari-tonov က ၄ ဒသမ ၃၁ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရှိနေပြီး ရုရှားပြည်သူ့ပါတီသစ်မှ Vladislav Davankov သည် ထောက်ခံမဲ ၃ ဒသမ ၈၃ ရာခိုင်နှုန်း ရရှိကာ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအကြီးအကဲ Leonid Slutsky သည် ထောက်ခံမဲ ၃ ဒသမ ၂ ရာခိုင်နှုန်း အသီးသီး ရရှိခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတ ရွေးကောက်ပွဲကို မတ် ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့သည်။ ရုရှားသမ္မတ ရွေးကောက်ပွဲစည်းမျဉ်းများအရ မဲအရေအတွက် ၅၀ ရာခိုင်နှုန်းကျော်ရရှိသော ကိုယ်စားလှယ်လောင်းသည် အနိုင်ရမည်ဖြစ်သည်။

ရုရှားနိုင်ငံ၏ ယခုနှစ် သမ္မတရွေးကောက်ပွဲတွင် မဲပေးသူအရေအတွက်သည် နိုင်ငံ၏ခေတ်သစ်သမိုင်းတွင် စံချိန်တင်ခဲ့ပြီး ၇၇ ဒသမ ၄၄ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း ရုရှားဗဟိုရွေးကောက်ပွဲကော်မရှင်အကြီးအကဲ Ella Pamfilova က ပြောကြားခဲ့သည်။

"မော်စကိုစံတော်ချိန် နံနက် ၁၀ နာရီတွင် ကျင်းပသည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် စုစုပေါင်း ၈၇၁၁၃၁၂၇ ဦး ပါဝင်မဲပေးခဲ့သည်။

ယခုနှစ် သမ္မတရွေးကောက်ပွဲတွင် မဲပေးသူအရေအတွက်သည် ရုရှားသမ္မတရွေးကောက်ပွဲသမိုင်းတွင် အမြင့်ဆုံးဖြစ်ပြီး ၁၉၉၁ ခုနှစ် စံချိန်ကို ကျော်လွန်ခဲ့သည်။

တိုင်းဒေသကြီး ၂၉ ခု သို့မဟုတ် ရုရှားနိုင်ငံ၏ ဒေသသုံးပုံတစ်ပုံခန့်တွင် အီလက်ထရွန်နစ် မဲပေးရွေးချယ်မှုဖြင့် ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။

၂၀၁၈ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် မဲပေးသူ ၆၇ ဒသမ ၅၄ ရာခိုင်နှုန်းရှိပြီး ၂၀၁၂ ခုနှစ်တွင် ၆၅ ဒသမ ၃၄ ရာခိုင်နှုန်း အသီးသီးရှိသည်။

၁၉၉၆ ခုနှစ် သမ္မတရွေးကောက်ပွဲ ပထမအကျော့၌ မဲပေးသူ ၆၉ ဒသမ ၈၁ ရာခိုင်နှုန်းနှင့် ဒုတိယအကျော့တွင် ၆၈ ဒသမ ၈၈ ရာခိုင်နှုန်းရှိသည်။

နိုင်ငံ၏ အီလက်ထရွန်နစ် မဲပေးစနစ် အရင်းအမြစ်များအပေါ် ဆိုက်ဘာတိုက်ခိုက်မှုပေါင်း ၁၆၀၀၀၀ ခန့် ဖြစ်ပွားခဲ့ကြောင်း ရုရှားရွေးကောက်ပွဲအာဏာပိုင်များက မတ် ၁၆ ရက်တွင် ပြောကြားခဲ့သည်။ ၎င်းတို့အနက် အီလက်ထရွန်နစ်မဲပေးစနစ်ဆိုင်ရာ စောင့်ကြည့်ရေးပေါ်တယ်အား တိုက်ခိုက်မှုပေါင်း ၃၀၀၀၀ ပြုလုပ်ခဲ့ကြောင်း ရုရှားဗဟိုရွေးကောက်ပွဲကော်မရှင်အကြီးအကဲ Ella Pamfilova က ပြောကြားခဲ့သည်။ သို့ရာတွင် ယင်းဆိုက်ဘာတိုက်ခိုက်မှုသည် မအောင်မြင်ခြင်းဖြင့် အဆုံးသတ်ခဲ့ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။ မော်စကိုရှိ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးဌာနချုပ်အကြီးအကဲ Vadim Kovalev က မော်စကို၏ သတင်းအချက်အလက်စနစ်များအပေါ် ဆိုက်ဘာတိုက်ခိုက်မှုများသည် အမေရိကန်နှင့် ဗြိတိန်တို့ထံမှဖြစ်ကြောင်း ပြောကြားခဲ့သည်။ "တိုက်ခိုက်မှုဆောင်ရွက်တဲ့ ဆာဗာအများစုဟာ အမေရိကန်နှင့် ဗြိတိန်မှာ တည်ရှိနေတာ တွေ့ရပါတယ်"ဟု Kovalev က ထပ်လောင်းပြောကြားခဲ့သည်။




ယခုကျင်းပသည့် ရွေးကောက်ပွဲတွင် ပူတင်သည် မဲအားလုံး၏ ၈၇ ရာခိုင်နှုန်းကျော် ရရှိခဲ့ပြီး ပြိုင်ဘက်သုံးဦးကို အနိုင်ရရှိခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ၊ တက်စ်၊ စီဂျီတီအင်န်**

**ဘာသာပြန် - စိုးသူရ**



# အာရှဖွံ့ဖြိုးရေးဘဏ်က သီရိလင်္ကာနိုင်ငံ၏ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ရန် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထုတ်ချေးရန် အတည်ပြုခဲ့

**ကိုလံဘို မတ် ၁၈**

သီရိလင်္ကာနိုင်ငံရှိ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်နိုင်စေရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်က မတ် ၁၈ ရက်တွင် သီရိလင်္ကာနိုင်ငံ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို ထုတ်ချေးရန် အတည်ပြုခဲ့ကြောင်း သိရသည်။

**ပံ့ပိုးပေးလျက်ရှိ**

အာရှဖွံ့ဖြိုးရေးဘဏ်၏ အဆိုအရ သီရိလင်္ကာနိုင်ငံ၏အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံအတွင်းရှိ အလုပ်အကိုင် ၄၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိပြီး သီရိလင်္ကာနိုင်ငံပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၅၂ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် သီရိလင်္ကာနိုင်ငံ၌ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အထူးသဖြင့် အမျိုးသမီးများ ဦးဆောင်သော လုပ်ငန်းများကို စီးပွားရေးကဏ္ဍ၏ ပံ့ပိုးကူညီမှုဖြင့် ရေရှည်တည်တံ့ခိုင်မြဲရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အာရှဖွံ့ဖြိုးရေးဘဏ်သည် ပို့ကုန်၊ ခရီးသွားလုပ်ငန်း၊ နည်းပညာ၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ဒေါ်လာသန်း ၅၀ ချေးငွေထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။ အမျိုးသမီးများဦးဆောင်သောအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ငါးသိန်း ထောက်ပံ့မည်ဖြစ်ကြောင်းလည်း သိရသည်။

**ဆောင်ရွက်မည်**

အဆိုပါစီမံကိန်းအား သီရိလင်္ကာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ချေးငွေများအတွက် ငွေကြေးဆိုင်ရာ အာမခံပေးသည့် National Credit Guarantee Institution Limited မှတစ်ဆင့် အစိုးရ၏ အစုရှယ်ယာထည့်ဝင်မှုဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**

❐

# လမျက်နှာပြင်ပေါ်ရှိ ရေထဲတွင်တည်ရှိသည့် ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်ကို ခွဲခြားပေးနိုင်သည့်စက် ဂျပန်တီထွင်

**တိုကျို မတ် ၁၈**

ဂျပန်ကုမ္ပဏီတစ်ခုသည် လမျက်နှာပြင်ပေါ်ရှိ ရေထဲတွင်တည်ရှိသည့် ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်ကို ခွဲခြားပေးနိုင်သည့် lunar water electrolysis စက်ကို တီထွင်ခဲ့ကြောင်း ယနေ့အန်င်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

တိုကျိုအခြေစိုက် Takasago Thermal Engineering သည် အဆိုပါစက်၏ စမ်းသပ်မော်ဒယ်ကို ယနေ့တွင် သတင်းထောက်များအား ပြသခဲ့သည်။ ၎င်းကိရိယာသည် အရှည် ၃၀ စင်တီမီတာ၊ အကျယ် ၄၅ စင်တီမီတာနှင့် အမြင့် ၂၀ စင်တီမီတာရှိသည်။ ကုမ္ပဏီမှ တာဝန်ရှိသူများက အဆိုပါစက်ပစ္စည်းအား လွှတ်တင်ခြင်းနှင့် ဆင်းသက်ခြင်းများတွင် တုန်ခါမှုများကို ခံနိုင်ရည်ရှိစေရန် ဒီဇိုင်းထုတ်ထားကြောင်း ပြောကြားခဲ့သည်။ ၎င်းစက်တွင် အာကာသအတွင်း ရောင်ခြည်ဒဏ်ခံနိုင်ရည်ရှိသော တစ်ပိုင်းလျှပ်ကူးပစ္စည်းများကိုလည်း ထည့်သွင်းတပ်ဆင်ထားသည်။ မကြာသေးမီနှစ်များအတွင်းက ထုတ်ပြန်ခဲ့သော သုတေသန အစီရင်ခံစာများအရ လပေါ်တွင် ရေရှိနေသည်ဟု သိရသည်။ လပေါ်ရှိ ရေကို ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်အဖြစ် ခွဲထုတ်သောအခါတွင် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ကို လောင်စာနှင့် အောက်ဆီဂျင်ဓာတ်ငွေ့ကို လေအဖြစ် အသုံးပြုနိုင်သောကြောင့် ယင်းစက်အားအသုံးချ၍ လပေါ်ရှိ မစ်ရှင်များကို ရေရှည်လုပ်ဆောင်နိုင်ရေး မျှော်လင့်ချက်များ မြင့်မားလျက်ရှိသည်။ ယခုနှစ် ဆောင်းရာသီတွင် ၎င်းစက်ကို လပေါ်သို့သယ်ဆောင်ရန် တိုကျိုအခြေစိုက် ကုမ္ပဏီတစ်ခုက ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား -အန်င်အိတ်ချ်ကေ**

**ဘာသာပြန် - စိုးသူရ**

# လာအိုနိုင်ငံ၌ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၈၈ သန်းရှိ

**ဗီယင်ကျန်း မတ် ၁၈**

လာအိုနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၈၈ သန်း ရှိခဲ့ကြောင်း Lao Trade Portal ဝက်ဘ်ဆိုက်မှ နောက်ဆုံးထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။




**ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်ရှိ**

လာအိုနိုင်ငံ၏ ဇန်နဝါရီလအတွင်း ကုန်သွယ်မှု စုစုပေါင်းတန်ဖိုးသည် ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်ရှိပြီး ယင်းတို့အနက် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၆၁ သန်းနှင့် သွင်းကုန်တန်ဖိုးဒေါ်လာ ၇၄၉ သန်းရှိကြောင်း မတ် ၁၈ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာက ဆိုသည်။

လာအိုနိုင်ငံ၏ အဓိကပို့ကုန်များထဲတွင် ပီလောပီနံ၊ ရွှေရိုင်း၊ ရွှေရောနှောနှင့် ရွှေချောင်း၊ စက္ကူထွက်ကုန်များ၊ ရော်ဘာ၊ သကြား၊ သံရိုင်း၊ သစ်ပျော့ဖတ်နှင့် စက္ကူ၊ ငှက်ပျောသီးတို့ ပါဝင်ကြောင်း သိရသည်။

လာအိုနိုင်ငံ၏အဓိကကုန်ပစ္စည်းတင်သွင်းမှုတွင် စက်သုံးဆီ၊ ဓာတုဗေဒပစ္စည်းများ၊ စက်ကိရိယာများ၊ လျှပ်စစ်ပစ္စည်းများ၊ သံမဏိ၊ သစ်သားနှင့် သစ်အချောထည်ပစ္စည်းများ၊ အဖျော်ယမကာ သကြားနှင့် မော်တော်ယာဉ်အပိုပစ္စည်းများပါဝင်ကြောင်း သိရသည်။ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် လာအိုနိုင်ငံ၏ ထုတ်ကုန်များအတွက် ထိပ်တန်းပို့ကုန်နိုင်ငံများ ဖြစ်ကြသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**





ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ကျောက်ရထားစက်ခေါင်းနှင့်တွဲများ လမ်းချော်ကျမှုအခြေအနေများကို တွေ့ရစဉ်။

❖ ကျောဖုံးမှ

သထုံဘူတာသို့ နံနက် ၁၁ နာရီ ၃၈ မိနစ်တွင် ရောက်ရှိရပ်တန့်၍ မော်တော်ယာဉ်များဖြင့် လိုက်ပါလာသည့် အမှတ်(၈၁) အဆန်ရထားမှ ခရီးသည်များအား မော်လမြိုင်ဘက်သို့ ဆက်လက်ပို့ဆောင်ပေးခဲ့သည်။ သထုံဘူတာတွင် ရောက်ရှိနေသည့် အမှတ်(၈၂) အစုန်ရထားစီးခရီးသည် ၄၄၁ ဦးအား အဆိုပါမော်တော်ယာဉ်များဖြင့် ကျိုက်ထိုဘူတာသို့ မွန်းလွဲ ၂ နာရီခွဲတွင် ပို့ဆောင်ပေးခဲ့ပြီး အမှတ်(၈၁) အဆန်ရထားဖြင့် ရန်ကုန်သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ပြီး ခရီးသည်များအား မော်တော်ယာဉ်များဖြင့် ရထားပေါ်သို့ ကူးပြောင်းပို့ဆောင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ရောက်ရှိလာပြီး နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော စက်ခေါင်းနှင့်တွဲများအား မ,တင်၍ လမ်းပိုင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာ နယ်မြေအတွင်း ဗုံးထောင်၊ မိုင်းခွဲဖျက်ဆီးခြင်း အကြိမ် ၁၃၀၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၅၂ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့်ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ် ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက်ရည်ရွယ်ပြီး ယခုကဲ့သို့ ယုတ်မာပက်စက်စွာဖြင့် အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းအပေါ် ဒေသခံများနှင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်တွင် လိုက်ပါလာသည့် ခရီးသည်များအား မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးနေမှုကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Myo Zaw Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ပေါင်မြို့နယ် ပန်းကုန်းကျေးရွာနေ ဘိုဘို(ခ)မျိုးဇော်အောင်အား ည ၉ နာရီခွဲတွင် လည်းကောင်း၊ "ဝေလျှံကျော်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မနောမယကျေးရွာနေ သိန်းဇော်လင်းအား မတ် ၁၇ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးမြို့ရှိ ဆည်မြောင်းရုံးနှင့် သစ်တောရုံး မီးလောင်ပြာကျမှု လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ချက်ဖြစ်ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ တပ်စွဲထားသော ခရိုင်ဆည်မြောင်းရုံးနှင့် ခရိုင်သစ်တောရုံးတို့ မတ် ၁၇ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ပြီး အဆိုပါ မီးလောင်မှုမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ချက်ဖြစ်ကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ပြည်သူများက အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ မီးလောင်မှုဖြစ်စဉ်တွင် မျက်မြင်တွေ့ရှိသူ ပြည်သူတစ်ဦး၏ ပြောကြားချက်အရ မီးလောင်မှုဖြစ်ပွားခဲ့ခြင်း မဟုတ်ဘဲ PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး နေအိမ်များမီးကူးစက်လောင်ကျွမ်းမှုမရှိစေရန်အတွက် မီးငြိမ်းသတ်ရန် ရောက်ရှိလာသည့် ပြည်သူများကိုတားဆီး၍ အဆိုပါရုံးများတွင် မိုင်းများထောင်ထားသည်ဟု ပြည်သူများကို ခြိမ်းခြောက်၍ပြန်ခိုင်းခဲ့ကြောင်း၊ ခရိုင်ဆည်မြောင်းရုံးနှင့် ခရိုင်သစ်တောရုံးတို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ တပ်စွဲထားခြင်းမရှိသည်မှာ လအတော်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူများအား သတင်းအမှန်များ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် ရေးသားထုတ်လွှင့်ခြင်းမရှိဘဲ သတင်းတု၊ သတင်းအမှားများဖြင့်သာ သတင်းအဆိပ်ခတ်လျက်ရှိပြီး နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် တစ်ဖက်သတ် စွပ်စွဲရေးသားချက်များကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❃ အက်ဖ်အေဖလားမှ**

အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ မန်ယူအသင်းကတော့ အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်မှာ လီဗာပူးအသင်းကို အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ဧည့်ခံကစားခဲ့ရပြီး အချိန်ပိုပွဲကစားချိန်အတွင်းရရှိခဲ့တဲ့ သွင်းဂိုးတွေကြောင့် လီဗာပူးအသင်းကို လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့် တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တွေကို ဧပြီ ၂၀ ရက်နဲ့ ၂၁ ရက်တို့မှာ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ကိုဗင်ထရီစီးတီးအသင်းဟာ ၁၉၈၇ ခုနှစ်က အက်ဖ်အေဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီးနောက်ပိုင်း အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ကို ပထမဆုံး တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းကတော့ အက်ဖ်အေဖလားကို ၁၂ ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်က နောက်ဆုံးအကြိမ်ချန်ပီယံဖြစ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# ကျေးရွာသစ်လှုပ်ရှားမှု အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်လှစ်

နေပြည်တော် မတ် ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၏ ကျေးရွာသစ်လှုပ်ရှားမှု အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ကျင်းပသည်။




**တက်ရောက်**

သင်တန်းဖွင့်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ၂၀၁၅ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကျေးရွာပေါင်း ၂၂၄ ရွာအထိ ရှိလာပြီဖြစ်ကြောင်း၊ ကိုရီးယားနိုင်ငံနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းတွင် ကျေးရွာပေါင်း ၁၁၀၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကျေးရွာပေါင်း ၃၄ ရွာ၊ စွမ်းအားမြှင့်မီးဖို ဖြန့်ဖြူးရေးစီမံကိန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျေးရွာပေါင်း ၄၀ နှင့် ယခုထပ်မံ ရွေးချယ်လိုက်သည့် ကျေးရွာ ၄၀ တို့ ဖြစ်ကြောင်း။

ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ကျေးရွာခေါင်းဆောင်များသည် ယခု သင်တန်းကျောင်းမှ ပို့ချပေးသည့် ကျေးရွာသစ်လှုပ်ရှားမှု အခြေခံသင်တန်းကို တက်ရောက်ကြပြီး မိမိတို့ကျေးရွာများသို့ ပြန်လည်ရောက်ရှိသည့်အခါ မိမိတို့လေ့လာသင်ယူခဲ့ကြသည့် အသိပညာများကို ပြန်လည်အသုံးချပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

သင်တန်းကာလတွင် သက်ဆိုင်ရာ သင်ခန်းစာများအပြင် ကျေးရွာသစ်လှုပ်ရှားမှု စိတ်ဓာတ်(၃)ရပ်ဖြစ်သည့် မိမိကိုယ်ကိုအားကိုးခြင်း၊ လုံ့လဝီရိယရှိခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဆိုသည့် အလေ့အကျင့်ကောင်းများရရှိသွားစေရန် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ ကျေးရွာသစ်လှုပ်ရှားမှု လုပ်ငန်းစဉ် (၃)ရပ်ဖြစ်သည့် လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည် မြင့်မားရေးနှင့် ဝင်ငွေတိုးပွားရေးလုပ်ငန်းများကိုလည်း ယခင်ကျေးရွာများ၏ အောင်မြင်မှုများကို နမူနာယူပြီး မိမိတို့ကျေးရွာများနှင့် ကိုက်ညီသည့်၊ မိမိတို့ကျေးရွာသူကျေးရွာသားများ သဘောတူညီစွာ ဆောင်ရွက်လိုသည့် လုပ်ငန်းစဉ်များကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ကြရန် အကြံပြုလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ စိုက်ပျိုးရေးဦးစီးဌာန ကျေးရွာသစ်လှုပ်ရှားမှု အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သို့ မြို့နယ် ၃၉ မြို့နယ်မှ မြို့နယ်ဦးစီးမှူးများ၊ ကျေးရွာသစ် ၄၀ မှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပုတောမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ပုတော မတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း




လွှဲပြောင်းပေးအပ်ပွဲနှင့် သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း လွှဲပြောင်းပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်သူ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင် (၂)၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းနှင့်တာဝန်ရှိသူများက ကျေးရွာ ၁၀ ရွာအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများ ထံလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# ယင်းမာပင်မြို့၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

ယင်းမာပင် မတ် ၁၈

ယင်းမာပင်မြို့တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဂိမ်းပြိုင်ပွဲများ ကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သာယာအေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်အေးက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးအကြောင်းအရာများကို ဟောပြောဆွေးနွေးခြင်း၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲများ ကျင်းပခြင်း၊ ပုံပြင်ဖတ်ပြခြင်းစသည့် အစီအစဉ်များကို ပြုလုပ်ပေးခဲ့ပြီး ဆုရရှိသူများအား အမှတ်တရလက်ဆောင်များပေးအပ်ကာ နံရံကပ်စာစောင်နှင့်စာအုပ်စာစောင်များကို ပြသပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၃-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၈၀ | ၂၈၀၅ | ၂၇၈၅ | ၂၇၆၅ | ၂၈၆၅ | ၂၈၀၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၂၀ | ၂၈၂၀ | ၃၀၅၀ | ၃၁၅၀ |
| 95 Ron | ၂၈၄၅ | ၂၈၉၅ | ၂၈၉၅ | ၂၈၅၅ | ၂၈၉၅ | ၂၉၁၅ | ၂၉၀၀ | ၂၈၈၀ | ၂၉၇၅ | ၂၉၉၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၀ | ၂၉၃၀ | ၂၉၃၅ | ၃၁၆၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၅၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၇ | ၂၆၉၂ |
| 95 Ron | ၂၇၁၇ | ၂၈၀၅ |
| HSD (500 ppm) | ၂၃၁၉ | ၂၃၉၅ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၀ |
| HSD (10 ppm) | ၂၃၆၄ | ၂၄၄၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၈

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"နယ်တစ်နယ် ဓားတစ်စင်း စိတ်ကြိုက်မင်းမူ အဓမ္မဆက်ကြေးယူ၍ ပြည်သူအား အကြမ်းဖက်နှိပ်စက်နေသည့် PDF "** ခေါင်းစဉ်ဖြင့် ၂၀-၃-၂၀၂၄ ရက်မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ရာဇဝတ်မှုများ ကျူးလွန်နေကြသည့် အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မုံရွာ မတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဒုတိယအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၈ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် မိမိတို့ခရိုင်/မြို့နယ်များအတွင်းရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စာရင်းကောက်ယူရေးလုပ်ငန်းများဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ မုံရွာခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးက ခရိုင်အတွင်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး/ခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ မိမိတို့ဌာနများအလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ အထွေထွေဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များ



အပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ် စကားပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပေါင်တောမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

ပေါင်တော မတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ပေါင်တောမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကမ်းနီကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးသန်းဦးက ပြည်သူများ သိရှိနားလည်နိုင်စေရန်အတွက် ပြည်သူ့စစ်မှုထမ်းဆိုင်ရာကိစ္စရပ်များဖြစ်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရမည့်အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ အမျိုးသားရေးတာဝန်၊ စိုးရိမ်ရန်မလိုကြောင်း၊ ဘာကြောင့်ပြည်သူ့စစ်မှုထမ်းစနစ် ကျင့်သုံးရတာလဲ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ကင်းလွတ်ခွင့်များနှင့် ယာယီရွှေ့ဆိုင်းနိုင်သူများ အစရှိသည်တို့ကို ဆွေးနွေးဟောပြောပို့ချခဲ့သည်။

ထို့နောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိကောင်းစရာ လက်ကမ်းစာစောင်



များအား ပြည်သူများထံသို့ လက်ဝယ်အရောက်ဖြန့်ဝေပေးခဲ့ကြပြီး အဆိုပါ ဟောပြောပွဲအခမ်းအနားသို့ ကျေးရွာနေပြည်သူများ ၂၅၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# လပွတ္တာမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာသိကောင်းစရာ ရှင်းလင်းပွဲကျင်းပ

လပွတ္တာ မတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာသိကောင်းစရာ ရှင်းလင်းပွဲ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲသို့ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးဝင်းမင်းဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရတို့ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်၍ လူမှုကွန်ရက်တွင် ပျံ့နှံ့နေသည့်သတင်းအမှားများအကြောင်း၊ ဥပဒေအရ စစ်မှုထမ်းရန် သတ်မှတ်ကာလ၊ အကျုံးဝင်သူများ၊ ကင်းလွတ်ခွင့်ရရှိသူများအကြောင်း၊ နိုင်ငံတော်ကို ကာကွယ်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း၊ လိုအပ်ချက်အပေါ်မူတည်၍ ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ ချက်ချင်းလက်ငင်း အကျုံးဝင်သူအားလုံး ခေါ်ယူမည်မဟုတ်၍ စိုးရိမ်ရန်မလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များကိုပေးဝေခဲ့သည်။

မူမူ(ပြန်/ဆက်)

# ကျုံပျော်မြို့နယ်တွင် ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး



ကျုံပျော် မတ် ၁၈

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အထောင်မြို့ ရေတံခွန်ကျောင်းတိုက် ဓမ္မာရုံ၌ ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျာမင်းနှင့် အဖွဲ့ဝင်များက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့်အချက်များ၊ သင်တန်းတက်ရောက်ရမည့်ကာလ၊ အကျိုးခံစားခွင့်၊ စစ်မှုထမ်းရန်အကျုံးဝင်သူများ၊ သတ်မှတ်ချက်များနှင့်အညီ စစ်မှုထမ်းနိုင်ရေး လိုအပ်သောစည်းကမ်းချက်များအား ချပြရှင်းလင်းဆွေးနွေးပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး အစည်းအဝေးသို့ အထောင်မြို့ပေါ် လေးရပ်ကွက်ရှိ ဒေသခံပြည်သူ ၃၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မီးသတ်ဦးစီးဌာန ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း(၃/၂၀၂၄) ဖွင့်ပွဲအခမ်းအနား ကျင်းပ



ရန်ကုန် မတ် ၁၈

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန အင်းစိန်၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီး ခရိုင်များအတွင်း ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၃/၂၀၂၄)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ အင်းစိန်ခရိုင် မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ အခန်း(၂)၊ ပုဒ်မ(၃)၊ ပုဒ်မခွဲ (၈) တွင် မီးဘေးအပါအဝင် အခြားသောသဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါဘေးအန္တရာယ်(သို့မဟုတ်) ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်ခဲ့သည့်အခါ မီးငြိမ်းသတ်ရေး၊ ကာကွယ်တားဆီးရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ရန်ဟု ပြဋ္ဌာန်းပါရှိသည်နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၏ စီစဉ်မှုဖြင့် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို (အင်းစိန်၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီး)ခရိုင် ငါးခရိုင်အတွင်းရှိ မြို့နယ်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့တို့မှ သင်တန်းသား ၅၀ တက်ရောက်ပြီး မီးသတ်ဦးစီးဌာနမှ သင်တန်းနည်းပြများက ရှာဖွေကယ်ဆယ်ရေးပညာရပ်များ၊ မီးငြိမ်းသတ်ရေးပညာရပ်များနှင့် အဆင့်မြင့် ရှာဖွေကယ်ဆယ်ရေးသုံးကိရိယာများအကြောင်းကို မတ် ၁၈ ရက်မှ ၂၉ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ဟိန်း



## ဆောင်းနေကြာစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်အခြေအနေ

ကျောက်ဆည် မတ် ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နေကြာသီးနှံများကိုလည်း စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း၊ ဆောင်းနေကြာ စိုက်ပျိုးမှုအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ ကျောက်ဆည်မြို့နယ်တွင် ၁၀၂၆၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၂၁၃၈ ဧက၊ မြစ်သားမြို့နယ်တွင် ၅၁၇၇ ဧက စုစုပေါင်းစိုက်ပျိုးဧက ၂၇၅၈၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ကျောက်ဆည်မြို့နယ်တွင် ၂၄၉၃ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၉၉၁၀ ဧက၊ မြစ်သားမြို့နယ်တွင် ၂၅၂၆ ဧက၊ စုစုပေါင်း ၁၄၉၂၉ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် ၂၈-၂၉ တင်း ထွက်ရှိကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် ၂၇၀၀၀၀ ခန့်ကုန်ကျပြီး ဈေးနှုန်းအနေဖြင့် နေကြာတစ်တင်းလျှင် ငွေကျပ် ၃၅၀၀၀ ဖြင့်လည်းကောင်း၊ နေကြာဆီတစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် ဆောင်းနေကြာ တစ်ဧကလျှင် ငွေကျပ် ၇၁၀၀၀၀ ခန့်ရရှိကြောင်း နေကြာစိုက်ပျိုးသော တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

## ကျောက်ဆည်ခရိုင်တွင် ဆောင်းနှမ်းသီးနှံများ အောင်မြင်စွာ ရိတ်သိမ်းပြီးစီး

ကျောက်ဆည် မတ် ၁၈

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံဖြစ်သည့် နှမ်းကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိကြောင်း၊ ဆောင်းနှမ်း စိုက်ပျိုးမှုအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၄၃၈၉ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၉၆၃ ဧက၊ မြစ်သား မြို့နယ်၌ ၅၀၁၀ ဧက စုစုပေါင်း ၁၀၃၆၂ ဧက စိုက်ပျိုးနိုင်ခဲ့ရာ လက်ရှိအချိန်တွင် ဆောင်းနှမ်း စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ဆောင်းနှမ်း တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀ ခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ၈-၉ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဆောင်းနှမ်း စတင်ထွက်ပေါ်ချိန်တွင် နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၃၃၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၁၀၃၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းနက်ရိုးရိုးတစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းဆီတစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ပြီး လက်ရှိအချိန်တွင် နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၃၅၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၁၀၀၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းဆီတစ်ပိဿာလျှင် ငွေကျပ် ၁၄၂၀၀ ဖြင့်လည်းကောင်းအရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၇၈၀၀၀၀ ခန့်ရရှိကြောင်း ဆောင်းနှမ်းစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

## မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းများ ဆက်လက်ကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိ

မုံရွာ မတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့ အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေ ရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။



မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများ အနေဖြင့် အရည်အသွေးအပေါ် မူတည်၍ ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀-၇၀၀၀ ဖြင့်လည်းကောင်း၊ မတ်လ ပထမပတ်တွင် ငွေကျပ် ၃၀၀၀-၄၀၀၀ ဖြင့်လည်းကောင်း၊ မတ်လ ဒုတိယပတ်တွင် ငွေကျပ် ၂၀၀၀-၂၅၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဆောင်းအကုန်နွေအကူး ရာသီချိန်တွင် ကွမ်းအထွက်နှုန်း တိုးလာပြီး ဈေးကွက်အတွင်း ကုန်စည်ဝင်ရောက်မှု များပြားကာ ဈေးနှုန်းများ ဆက်လက်ကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။



## ရွှေဘိုဈေးကွက်သို့ ကုလားပဲ(V2)များ စတင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိ

ရွှေဘို မတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုဈေးကွက်သို့ ကုလားပဲ (V2) သီးနှံများ မတ်လ (ဒုတိယပတ်)မှစ၍ ဝင်ရောက်လျက်ရှိပြီး ကုလားပဲ (V2) တစ်တင်းလျှင် ငွေကျပ် ၈၄၅၀၀ ပေါက်ဈေးရှိကာ တစ်ပတ်အတွင်း တင်း ၉၀၀၊ တန်အားဖြင့် ၂၈ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်နှစ်ကာလတူနှင့် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများ နှိုင်းယှဉ်ပါက ယခင်နှစ်က ကုလားပဲ (V2) တစ်တင်းလျှင် ငွေကျပ် ၆၉၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုနှစ်တွင် ယခင်နှစ်ထက် တစ်တင်းလျှင် ငွေကျပ် ၁၅၅၀၀ ဈေးပိုမိုရရှိခဲ့ပြီး ဝင်ရောက်သည့် ကုလားပဲ(V2)များအားလုံး ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

သတင်းရင်းမြစ်
စီးပွား/ကူးသန်း

### ၁၈-၃-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဇစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၂၀၀ | ၁၅၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၃၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၂၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၅၈၀၀ | ၁၃၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၁၁၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၇၇၅ | ၁၃၅၀၀ | ၃၅၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၆၈၅၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၃၅၀၀ | ၃၂၀၀ | ၁၇၅၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၃၅၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၈၂၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၂၀၀ | ၆၉၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၃၈၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၇၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၆၅၀ | | ၅၃၅၀ | ၁၆၀၀၀ | ၅၆၇၀ | ၁၀၀၀၀ | ၂၈၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၈၀၀ | ၄၅၀၀ | ၂၈၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၀၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၀၀၀ | ၄၀၀၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၂၀၀ | ၆၈၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၄၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀ | ၇၅၀၀ | ၈၃၀၀ | ၃၅၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၂၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၄၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၄၀၀ | ၃၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၇၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၆၀၀ | ၃၇၀၀ | ၂၈၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၂၈၀၀ | ၁၆၅၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၂၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၈၀၀ | ၄၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၄၀၀၀ |

မှတ်ချက်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီးဖြစ်ပါသည်။

## ၁၈-၃-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၄၂၇။ | ကွယ်လွန်သူ ဦးအေးကိုအားရည်စူး၍ ဇနီး ဒေါ်ဥမ္မာမြင့် (သား)မောင်ခိုင်စိုးဟိန်း၊ (သမီး) မရတနာ မိသားစုကောင်းမှု | ၁၅၀၀၀၀၀ |
| ၈၄၂၈။ | တနင်္သာရီတိုင်းဒေသကြီး၊ ဂေါပကအဖွဲ့ကောင်းမှု | ၁၂၀၀၀၀၀ |
| ၈၄၂၉။ | ကွယ်လွန်သူ နှစ်ဖက်သောမိဘ၊ ဆွေမျိုးသားချင်းများ၊ ညီအစ်ကိုမောင်နှမများအား ရည်စူး၍ ဦးဇော်လင်း၊ ဒေါ်ခင်စောနွယ်နှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၄၃၀။ | ကွယ်လွန်သူ နှစ်ဖက်မိဘများအားရည်စူး၍ ဦးတင်ဝင်း နှင့်ဇနီး ဒေါ်တင်ကြူကြူဆွေ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၄၃၁။ | ဦးကြည်ထွဋ်ဝင်း(ရေအရင်းအမြစ်ညွှန်ချုပ် (ငြိမ်း))နှင့်ဇနီး ဒေါ်နွဲ့နွဲ့ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၄၃၂။ | ဦးလှိုင်မင်းသိန်းနှင့်ဇနီး ဒေါ်နှင်းမာဝင်း၊ (သမီး)မအိမ့်ခြူးစံ မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၄၃၃။ | ကွယ်လွန်သူ ဒေါ်ခင်စန်းအားရည်စူး၍ ဗိုလ်ကြီးတင်မောင်ညိမ်းနှင့် ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၄၃၄။ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ရှိ စာသင်တိုက်ကြီး(၄)တိုက်မှ သံဃာတော်များကောင်းမှု | ၄၇၅၀၀၀ |
| ၈၄၃၅။ | မင်္ဂလာဇေရုံကျောင်းလက်ခုပ်ကွင်း၊ ဆရာတော်ဦးရေဝတ ကောင်းမှု | ၂၀၀၀၀၀ |
| ၈၄၃၆။ | ပဲခူးတိုင်းဒေသကြီး နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအဖွဲ့ကောင်းမှု | ၂၀၀၀၀၀ |
| ၈၄၃၇။ | ကွယ်လွန်သူ ဦးမောင်အေးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၄၃၈။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်မြင့်ကြည် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၄၃၉။ | ကွယ်လွန်သူ ဗိုလ်မှူးတင်မြင့်သိန်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၄၄၀။ | ဦးသန်းထွန်းဦးနှင့်ဇနီး ဒေါ်သီတာဇင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၄၄၁။ | ဦးမြင့်ကိုကိုနှင့်ဇနီး ဒေါ်မူမူကျော်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၈၄၄၂။ | ဦးဘုန်းမြင့်နှင့်ဇနီး ဒေါ်အေးကြင်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၃၀၀၀၀ |
| ၈၄၄၃။ | ဦးလှဝင်းနှင့်ဇနီး ဒေါ်စန်းရည် မိသားစုကောင်းမှု | ၁၀၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၄၄၄။ | ကွယ်လွန်သူနှစ်ဖက်မိဘတို့အားရည်စူး၍ ဦးမောင်လုံးနှင့်ဇနီး ဒေါ်ငွေငွေ၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၈၄၄၅။ | ကွယ်လွန်သူ ဦးမြတ်နိုင်နှင့် ဒေါ်ခင်အောင်တို့အားရည်စူး၍ ဦးစိုးနိုင်နှင့်ဇနီး ဒေါ်စိမ်းလဲ့နိုင်၊ (သမီး) ဗိုလ်ကြီးရွှေဝတ်ရည် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၄၄၆။ | ကွယ်လွန်သူ အဘိုး၊ အဘွား၊ နှစ်ဖက်မိဘ၊ ဆွေမျိုးတို့အား ရည်စူး၍ ဦးထိန်လင်း၊ ဒေါ်ခင်မြင့်ကြည်၊ (သမီး)မခိုင်ဆုလင်း၊ မမြတ်သီရိလင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၄၄၇။ | ဗိုလ်ကြီးလေးဆွေနှင့်ဇနီး ဒေါ်စောလှ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၄၄၈။ | ဦးဝမ်းမောင်၊ (သမီး) မထက်ရတနာအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၄၄၉။ | ဦးစိုးမင်းလတ်နှင့်ဇနီး ဒေါ်အေးအေးနိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၄၅၀။ | ဦးချစ်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၄၅၁။ | ဦးလှဖေနှင့်ဇနီး ဒေါ်စိန်ရွှေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၄၅၂။ | ဦးမောင်မောင်စိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၄၅၃။ | ဦးသောင်းစိန်နှင့်ဇနီး ဒေါ်ကြည်သန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၄၅၄။ | ဦးကျော်ညွန့်နှင့်ဇနီး ဒေါ်တင်မျိုးဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၄၅၅။ | ကွယ်လွန်သူ ဦးသူနုနှင့် ဒေါ်သောင်းတို့အားရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၈၄၅၆။ | ဦးခင်ဦးနွယ်နှင့်ဇနီး ဒေါ်ငွေယဉ်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၈၄၅၇။ | ကွယ်လွန်သူ ဦးသိန်းဆွေနှင့် ဒေါ်ခင်သောင်းတို့အား ရည်စူး၍ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၈၄၅၈။ | ဦးမျိုးခင်နှင့်ဇနီး ဒေါ်သန်းသန်းငွေ၊ (သား) မောင်ချစ်မျိုးဆက် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၄၅၉။ | ဦးအောင်ရွှေနှင့်ဇနီး ဒေါ်သီတာဦး မိသားစုကောင်းမှု | ၉၀၀၀၀ |
| ၈၄၆၀။ | မောင်ကျော်ဆွေဝင်းနှင့်ဇနီး မအိအိဝင်း မိသားစုကောင်းမှု | ၉၀၀၀၀ |
| ၈၄၆၁။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်မြင့်ဝေ မိသားစုကောင်းမှု | ၆၅၀၀၀ |
| ၈၄၆၂။ | ဦးသန်းကြွယ်မိသားစုကောင်းမှု | ၆၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၄၆၃။ | ဦးဆန်းလွင်နှင့်ဇနီး ဒေါ်ရီရီလှ၊ ဗိုလ်ကြီးဉာဏ်ဟိန်းနှင့်ဇနီး ဒေါ်မိုးပွင့်ဖြူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၆၄။ | ဦးတင်မောင်နှင့်ဇနီး ဒေါ်ခင်တင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၆၅။ | ရန်ကုန်ကျောင်းတိုက်၊ နတ်ကျုံးတောရ၊ ဆရာတော်ဦးကာရုဏိတကောင်းမှု | ၅၀၀၀၀ |
| ၈၄၆၆။ | ဦးရဲနိုင်သိန်းနှင့်ဇနီး ဒေါ်ဇာဇာထွန်း၊ (သား)မောင်ဉက္ကာမင်းသိန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၆၇။ | ဦးသက်မောင်ဦးနှင့်ဇနီး ဒေါ်သက်မွန်အောင်၊ (သား)မောင်ထင်ဦးလှိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၆၈။ | ကိုထိန်လင်းအောင်နှင့်ဇနီး ဒေါ်ဆူဖုန်းလင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၆၉။ | ဒေါ်လှလှငွေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၇၀။ | ဦးလရောင်နှင့်ဇနီး ဒေါ်သန်းသန်းရီ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၇၁။ | ဦးဟန်ဆွေနှင့်ဇနီး ဒေါ်သိန်းလှ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၇၂။ | ဦးစိုးနှင့်ဇနီး ဒေါ်ခင်ငွေရီ၊ (သမီး) မကေကေခိုင်၊ (သား) ဗိုလ်ကြီးထွဋ်ထက်ကျော် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၇၃။ | ဒေါ်သီတာ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၇၄။ | ဒေါ်ပွေးပွေး၊ (သား)မောင်ရဲထွန်းလင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၇၅။ | ဦးကြူခင်နှင့်ဇနီး ဒေါ်ခင်စန်းဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၇၆။ | ဦးသာယာနှင့်ဇနီး ဒေါ်ကြည်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၇၇။ | ဦးဖွင့်ဖြိုးနှင့်ဇနီး ဒေါ်စန်းစန်းနွဲ့ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၇၈။ | ဦးမြစိုးနှင့်ဇနီး ဒေါ်နွယ်နွယ်ဖြိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၇၉။ | နှစ်ဖက်သောမိဘများကိုရည်စူး၍ ဦးအုန်းလွင်နှင့်ဇနီး ဒေါ်မာလာထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၈၀။ | ဦးအောင်ကျော်ဇောနှင့်ဇနီး ဒေါ်အေးအေးမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၈၁။ | ဦးစိန်ကွန်းနှင့်ဇနီး ဒေါ်သိန်းတင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၄၈၂။ | ဦးကျော်ဆွေနှင့်ဇနီး ဒေါ်ခင်ဖြူဝင်း၊ သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၀၁၆

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆


**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဇင်မင်းဦး[၁၂/ဒပန(နိုင်)၀၅၈၄၀၅]၏ Passport စာအုပ် (နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–269599778**

**ပတ်စ်ပို့ပျောက်**

(ဘ)ဦးအိုက်ကျင်၏သမီး ဒေါ်ခင်မြင့်စိုး[၁၃/ကမန(နိုင်)၀၁၃၂၅၆]၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 193025) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၅၀၅၀၂၄၇**

**ပတ်စ်ပို့ပျောက်**

(ဘ)ဦးအောင်ထွန်း၏သမီး မခင်စိုးထက် [၈/နမန(နိုင်)၂၁၃၇၉၀]၏ နိုင်ငံကူးလက်မှတ်အမှတ် (MD 490370)ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၆၇၃၁၆၂၄၆၀**

**မွေးသက္ကရာဇ်အမှန်**

သထုံမြို့၊ အထက(၂)ကျောင်းမှ ပညာရေးဝန်ထမ်း (ဘ)ဦးဖေသန်း၏ သမီး ဒေါ်သန်းသန်းငွေ [၁၀/သထန(နိုင်)၀၃၀၆၄၁] ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၆-၁၉၆၆ ဖြစ်ပါကြောင်း။

**ဒေါ်သန်းသန်းငွေ**
**[၁၀/သထန(နိုင်)၀၃၀၆၄၁]**

**ပျောက်ဆုံးကြောင်း**

ကျွန်မ နန်းလောင်နွမ်း [၁၃/နမတ(နိုင်)၀၆၀၉၂၉]၏ ပတ်စ်ပို့နံပါတ် LSO–22–013269 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၇၂၇၇၃၇၇၃**

**ပျောက်ဆုံးကြောင်း**

(ဘ)ဦးတင့်လွင်၏ သမီးနှင့်သား ဒေါ်ညွန့်ညွန့်လွင်[၁၂/လမတ(နိုင်)၀၁၄၈၇၅]နှင့် ဦးအောင်မိုးလွင်[၁၂/လမတ(နိုင်)၀၁၄၈၇၆]၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့်(နံပါတ်မမှတ်မိပါ) တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း –09–409776548**

## ကျေးဇူးတင်လွှာ

**အမှတ်(၁၅)၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၄၂၂၉၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ဆင်ရေကန်လမ်း၊ မြေကွက်အမှတ်(၁၀၉)၊ တိုက်အမှတ်(၇၇)၊ (၇)လွှာ၊ (တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း)၊ အကျယ်အဝန်း( ၁၅ ပေ x ၆၀ ပေ)ရှိ တိုက်ခန်းကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကျင်တီ [၁၂/မရက(နိုင်)၀၂၁၇၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဖြိုးကျော်[၁၄/မမက(နိုင်)၁၈၀၄၃၉]က ဝယ်ယူရန်အတွက် "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်"ကို ချုပ်ဆို၍ စရန်ငွေပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းအထောက်ထားများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်ဖြိုးလတ် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၀၅)**
**အမှတ်(၁၀၆)၊ ပထမထပ်၊ မြင်တော်သာလမ်း၊ (၃/မာန်ပြေ)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၇၀၀၅၂၁၈၅၊ ၀၉–၈၈၁၇၉၈၈၉၉**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ည/၁၁ရပ်ကွက်၊ ထော်ပိုင်လမ်းသွယ်(၃)လမ်း၊ (၂၇)ပန်းခြံ၊ အမှတ်(၄၅၇–က)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်–၃၅၊ မြေကွက်အမှတ်–၄၅၇/က၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အခွန်ဌာနခွဲတွင် **ဦးသိန်းမောင် (ဘ)ဦးမောင်လေး (CJ–၀၂၆၁၀၄)** အမည်ပေါက်ပြီး အရပ်စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်သူ **ဒေါ်ခင်စန္ဒာ [၁၁/ကဖန(နိုင်)၀၆၉၈၆၆]**ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်မျိုးမြတ်သူ [၁၂/အစန (နိုင်)၁၆၇၆၅၀]**က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စန္ဒာမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၅၂၈)**
**အမှတ်(၁၅)၊ ဦးဝိစ္စာလမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ ၀၉–၇၈၇၂၀၀၆၀၄၊ ၀၉–၉၆၆၂၈၅၉၃၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ် (၅၉) ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၈) ထပ်တိုက်၏ ပဉ္စမထပ် ၊ (၆–လွှာ)၊ (ခြေရင်းခန်း) တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် လက်ရှိ တရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်စန်းဝေ [၁၂/ဒဂန (နိုင်) ၀၂၀၀၁၀] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း) များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိမြိုးဇင်** |
| **LL.B (စဉ်–၁၀၀၆၃)** | **LL.B, DBL (စဉ်–၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း–၀၉–၄၂၁၀၃၅၉၆၃** | **ဖုန်း–၀၉–၇၉၀၁၂၄၈၀** |

**အမှတ် (၈၆)၊ ၇–လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## “အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ် (၁၀၁၁/က)၊ (အလျား ၂၀ပေx အနံ ၆၀ပေ) (၁၂၀၀) စတုရန်းပေအကျယ်ရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အပြီးအပိုင်ရောင်းချသူ **ဒေါ်ရီရီချို [၁၀/သထန(နိုင်)၁၁၇၈၆၀]** အမည်ပေါက်ကြောင်း၊ ၎င်းတစ်ဦးတည်းကသာ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးအောင်ခင်မြင့် [S/OKA-၁၃၃၀၇၆]**က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ဤမြေနှင့်အိမ် အပြီးအပိုင်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဲစုနွေး LL.B., WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၈၅၆၅)**
**အမှတ် (၅၀/ခ)၊ မဟော်သဓာ (၁)လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၅၅၀၉၂၈၈၂၊ ၀၉–၇၇၃၀၈၄၇၈၇**

## “လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ လှည်းတန်းလမ်းမ၊ အမှတ်(၅၉)တွင် တည်ရှိသော **“ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်”**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်

အထက်ဖော်ပြပါ **“ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်”**လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားသည် ကိုယ်ပိုင်ဉာဏ်ဖြင့် ကြံဆတီထွင်ထားသော လုပ်ငန်းအမှတ်တံဆိပ်ဖြစ်ပြီး အဆိုပါလုပ်ငန်းအမည်အမှတ်တံဆိပ်ဖြင့် စိန်ရွှေရတနာရောင်းဝယ်ရေးလုပ်ငန်းကို ၁၉၇၄ ခုနှစ်မှ စတင်တည်ထောင်ဖွင့်လှစ်လုပ်ကိုင်ခဲ့ပြီး ရွှေသားဖြင့် ပြုလုပ်ထားသော ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်၊ နားကပ်၊ နားဆွဲ၊ လည်ဆွဲ၊ ဆွဲသီး၊ ရွှေဘီး၊ ဘီးကုပ်၊ ကလစ်၊ Hand chain၊ Foot chain စသည့် ခေတ်မီပုံဆန်း ရွှေထည်၊ စိန်ထည်ပစ္စည်းအမျိုးမျိုးနှင့် ကျောက်မျက်ရတနာများဖြင့် ထည့်သွင်းစီခြယ်ထားသော လက်ဝတ်ရတနာအမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ထို့အပြင် **“ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်”** လုပ်ငန်းအမည်အမှတ်တံဆိပ်အား မူပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ပေးပါရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်လွှာအမှတ် (T/2024/000806)ဖြင့် တင်ပြလျှောက်ထားခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို ပုံတူပုံမှား တုပပြုလုပ်သုံးစွဲခြင်း၊ ဆင်တူယိုးမှားတုပပြုလုပ်သုံးစွဲခြင်း၊ ထင်ယောင်ထင်မှားဖြစ်စေရန် တစ်နည်းနည်းဖြင့် မှိုင်းမြမ်းတုပ ပြုလုပ်သုံးစွဲခြင်း၊ တရားဝင်ခွင့်ပြုချက်မရှိဘဲ ၎င်းလုပ်ငန်းအမည်စာသားအမှတ်တံဆိပ်အား အသုံးပြုခြင်းတို့ကို မပြုလုပ်ကြပါရန် အလေးအနက် သတိပေးတားမြစ်အပ်ပါသည်။ အထက်ပါ တားမြစ်ချက်တစ်ရပ်ရပ်အား ကျူးလွန်ဖောက်ဖျက်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**“ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်” ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆန်းဆန်းဝေ(L.L.B,D.B.L,Dip.DS)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၁၂၄/၁၃–၁၂–၂၀၁၈)**
**တိုက်–CC ၊ (၀၅/၀၃)၊ ၅လွှာ၊ ၆–ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ ၊ လှည်းတန်းလမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း –၀၉–၄၄၀၀၅၇၇၀၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံခရိုင်၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ အလုံလမ်း၊ အမှတ် ၁၆၃ (B) ၊ ၃–လွှာ (ဒုတိယထပ်)၊ ခြေရင်းခန်း (တိုက်ကိုမျက်နှာမူလျှင် – ဘယ်ဘက်ခြမ်း) ၊ အကျယ်အဝန်း အလျား (၁၈) ပေ၊ အနံ (၆၀)ပေရှိ တိုက်ခန်းပိုင်ဆိုင်မှုနှင့်တကွ ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူ အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ဝယ်ရှိ၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးသန်း (ဘ) ဦးစန်းရင် [၁၂/အလန (နိုင်) ၀၃၀၆၇၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံ သို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) များဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း (လူကိုယ်တိုင်) လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ထက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မြ (LL.B,D.B.L)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်–၇၀၆၂/၂၉–၃–၂၀၀၂)**
**တိုက်–၉၂/၂၊ ပယင်းလမ်း၊ ၂၄–ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။**
**ဖုန်း–၀၉–၇၃၀၅၆၀၃၉၊ ၀၉–၇၉၇၇၆၁၆၄၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၄) ရပ်ကွက်၊ ရန်နိုင်လမ်းသွယ် (၇)၊ တိုက်အမှတ်–၂၁၃၊ အခန်းအမှတ်–၆ (မြေညီထပ်)၊ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို မူလအမည်ပေါက် ဒေါ်ရှုရင် (အေဒီ–၀၅၁၃၂၄) ထံမှ ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်မောင် [၁၂/ပဘတ(နိုင်)၀၃၁၂၄၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလှမြတ်မင်း[၉/မထလ (နိုင်) ၁၇၁၄၅၁]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ရာ အဆိုပါ တိုက်ခန်း ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဖြူသက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၄၁၂၃)**
**တိုက် ၂၀၉၊ အခန်း ၂၃၊ ရန်နိုင်လမ်းသွယ် (၇)၊ ၄–ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၄၀၀၂၇၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ မြေကွက်အမှတ်(၂၀၁)၊ အိမ်အမှတ်(၃၈)၊ မြေအကျယ်အဝန်း (အလျား ၂၅ပေx အနံ ၅၀ပေ)ရှိ ဦးစိုးနိုင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၊ ကန်ထရိုက်တိုက်အဆောက်အဦ၏ ပထမထပ်၊ (2/B)လွှာ၊ (ခြေရင်းဘက်ခြမ်း) တိုက်ခန်း၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုးနိုင် [၁၂/ကတတ(နိုင်) ၀၃၂၃၈၃]မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြတ်သန္တာဇော် LL.B, D.IT**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၉၄၂)**
**အမှတ်(၁၂၀၂/ခ)၊ ဒေဝဒဟ(၃၃)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉ ၂၅၀၅၀၄၁၂၂၊ ၀၉–၇၉၆၃၄၅၃၈၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့ ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ ရတနာသိင်္ခလမ်း၊ အောင်ဇေယျအိမ်ရာဝင်းအတွင်း၌တည်ရှိသော တိုက်အမှတ်(၁၇)၊ အခန်းအမှတ်(၂၀၄)၊ ဒုတိယထပ်၊ အကျယ်အဝန်း(၆၁၃ စတုရန်းပေ)ရှိ တိုက်ခန်းနှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းစွာဖြင့် ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းလာသူ ဒေါ်စုစုလွင် [၁၄/ဟသတ (နိုင်)၂၂၈၄၁၂]ထံမှ ကျွန်ုပ်သည် အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို (၁၅–၃–၂၀၂၄)ရက်စွဲပါ “နှစ်ဦးသဘောတူ တိုက်ခန်း အရောင်းအဝယ် စရန်ပေးကတိစာချုပ်” ဖြင့် ပေးချေ၍ ဝယ်ယူပြီး ဖြစ်ပါသဖြင့် အဆိုပါ တိုက်ခန်း အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောသိန်းဝင်း**
**အမှတ်(၀၀၃)၊ တိုက်အမှတ်(၃၉)၊ ရတနာသိင်္ခလမ်း၊ အောင်ဇေယျအိမ်ရာဝင်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၅၂၃၁၂၈၈၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇စီ)၊ လူနေရပ်ကွက်အမှတ်(–)၊ မြေကွက်အမှတ် ( ၃၇ )၊ အကျယ်အဝန်း (၂၄.၆ ပေ x ၄၀ပေ)၊ ဧရိယာအားဖြင့် (၀.၀၂၂)ဧက အကျယ်အဝန်းရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်လှမြင့် (ဘ) ဦးမောင်မောင်၊ မှတ်ပုံတင်အမှတ်[၁၂/ပဇတ(နိုင်)၀၀၇၉၂၄]နှင့် ဦးကစ္စနား (ဘ) ဦးကရဗီးယား၊ မှတ်ပုံတင်အမှတ် [ ၁၂/ဒပန(နိုင်)၀၀၅၈၈၁] ကိုင်ဆောင်သူတို့၏အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိသော နှစ် ( ၆၀ ) မြေငှားဂရန်မြေကွက်မှ ဒေါ်လှမြင့် ခံစားပိုင်ခွင့်ဟုသတ်မှတ်ထားသော တရားဝင်မခွဲစိတ်ရသေးသည့် အကျယ်အဝန်း ( ၁၂'.၃" x ၄၀') အကျယ်အဝန်းရှိသော မြေကွက်ပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ မြခွာညိုလမ်း၊ အမှတ်(၂၇/က) ဟုခေါ်တွင်သည့် နှစ်ထပ်အဆောက်အဦနှင့် ယင်းအဆောက်အဦတွင် တပ်ဆင်ထားသည့် ကိုယ်ပိုင်လျှပ်စစ်မီတာ(နှစ်)လုံးနှင့် ကိုယ်ပိုင်ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှမြင့် ( ဘ) ဦးမောင်မောင် မှတ်ပုံတင်အမှတ် [ ၁၂/ပဇတ(နိုင်)၀၀၇၉၂၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန်အတွက် မြေကွက်နှင့် အဆောက်အဦ၏ တန်ဖိုးငွေများ အနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ တစ်စုံတစ်ရာ ပြောကြားကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုမူရင်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်မကျော်လွန်မီ လူကိုယ်တိုင်လာရောက် ကန့်ကွက်ပြောဆိုနိုင်ပါသည်။

သတ်မှတ်ရက်စေ့ရောက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးချစ်ကိုကို (ရွှေစာရေး) LL.B, WIPO–101 (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၉၄ )**
**အမှတ် ( ၂၉၇ )၊ အနော်ရထာလမ်း၊ ( ၄ )ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဆက်သွယ်ရန်ဖုန်း– ၀၉–၄၂၀၂၁၆၃၇၊ ၀၉–၄၅၀၁၇၀၀၀၁၊ ၀၉–၇၆၅၄၄၂၅၃၄**

## Crowe Trust Myanmar Co., Ltd
## ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန် အကြောင်းကြားစာ ကြေညာချက်
## လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ ၂၀၁၁၊ နည်းဥပဒေ ၈၇
## ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

| | |
|---|---|
| ကုမ္ပဏီအမည် | Crowe Trust Myanmar Co., Ltd |
| ကုမ္ပဏီ၏ကုန်သွယ်မှုအမည် | Crowe Trust Myanmar Co., Ltd |
| ကုမ္ပဏီ၏ မှတ်ပုံတင်အမှတ် | 118841018 |
| ကုမ္ပဏီ၏ မှတ်ပုံတင်လိပ်စာ | Room No. 805, 8th Floor, Sakura Tower, Kyauktada Township, Yangon Region,Myanmar. |
| ကုမ္ပဏီ၏ အီးမေးလ် | mmcomm28@gmail.com |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအမည် | ဒေါ်စန်းစန်းဝင်း (MAIP – 00136) |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရုံးခန်းလိပ်စာ | No. 5, 3rd Floor, 111st Street, Mingalar Taung Nyunt Township, Yangon, Myanmar |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အီးမေးလ် | ssw.adm23@gmail.com |
| ကြွေးမြီတောင်းခံရမည့်နောက်ဆုံးနေ့ | ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၄ ရက် |

၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ Crowe Trust Myanmar Co., Ltd အား ၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ ရက်မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြပြီး ဒေါ်စန်းစန်းဝင်းအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခဲ့ပါသည်။

သို့ဖြစ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ် ဒေါ်စန်းစန်းဝင်းထံသို့ ကျန်ရှိသော ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို အထက်ဖော်ပြပါ ကြွေးမြီတောင်းခံရမည့် နောက်ဆုံးနေ့မတိုင်မီ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရုံးခန်းလိပ်စာ သို့မဟုတ် ၎င်း၏အီးမေးလ်သို့ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန် ကြေညာအပ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ အကြောင်းကြားစာထုတ်ဆင့်၍ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အတွက် သက်သေခံအထောက်အထားကို တင်ပြရန် တောင်းဆိုခြင်းကို ကုမ္ပဏီ၏ မြီရှင်တစ်ဦးဦးမှ လိုက်နာရန် ပျက်ကွက်ပါက ၎င်းသည် အောက်ဖော်ပြပါ အခွင့်အရေးများကို ရယူခံစားပိုင်ခွင့်မရှိစေရ –

(၁) ၎င်း၏ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို တင်သွင်းခြင်းမပြုမီက ပြုလုပ်ထားသည့် ဝေစုခွဲဝေမှုတို့မှ အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(၂) ထိုခွဲဝေမှုကို ကန့်ကွက်ပိုင်ခွင့်၊

**ဒေါ်စန်းစန်းဝင်း**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**Crowe Trust Myanmar Co., Ltd. (ဖျက်သိမ်းဆဲ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ကမာရွတ်မြို့နယ်၊(၃)ရပ်ကွက်၊ပေ(၅၀)လမ်း၊အမှတ်(၃၅)ပေါ်တွင် ဆောက်လုပ်ထားသည့် (၇)ထပ်တိုက်အဆောက်အဦး၏ပဥ္စမထပ်၊(၆)လွှာဘီ၊တိုက်ကိုမျက်နှာမူသော်ညာဘက်ခြမ်း၊ အကျယ်အဝန်း(၁၂ပေခွဲ×၅၀ပေ)ရှိတိုက်ခန်းတစ်ခန်းနှင့်တကွ အကျိုးခံစားခွင့်များအားတရားဝင်ဝယ်ယူပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်နှင်းရီ (၉/မရတ(နိုင်)၀၆၀၃၁၂)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေအချို့ကိုပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L, D.I.P.L**
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၃၆)
အမှတ် (၁၀၅၁)၊ဖြူဟ္မစိုးရီလမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ၂၈–လမ်း၊ အမှတ် (၁၆၅) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ထပ်တိုက်၏ မြေညီထပ်၊ အကျယ်အဝန်း (၂၁ပေx ၄၆ ပေ)ရှိ တိုက်ခန်း နှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းဝင်း [၁၂/ကတတ(နိုင်)၀၂၁၅၃၁] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်–၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ) ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ရွှေလဝန်း(ရွှေလဝင်း)လမ်း၊ အမှတ် (၁၈) ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၇) ထပ်တိုက်၏ ပဥ္စမထပ် ၊ (၆–လွှာ)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း ( ၁၆ x ၅၂ ) ပေ ရှိ တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် လက်ရှိ တရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်စွဲ့ခမ်းနွယ် [ ၁/ပတအ (နိုင်) ၀၂၆၆၄၇ ]အား ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော (၁) ဦးသိန်းအောင် [၁၀/သဖရ (နိုင်) ၁၁၆၇၈၉ ] (၂) ဒေါ်ခိုင်ခိုင်မျိုး [၁၂/စခန (နိုင်) ၀၆၉၆၁၁] တို့မှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်–၁၀၀၆၃)** | **LL.B, DBL (စဉ်–၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း– ၀၉–၄၂၀၃၅၉၆၃** | **ဖုန်း– ၀၉–၇၉၀၁၂၄၈၀** |

**အမှတ် (၈၆)၊ ၇–လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ STAR CITY ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်း၊ CITY LOFT တိုက်အမှတ် CL-7 အခန်းအမှတ်(၇၀၈)၊ LEVEL(7)၊ STUDIO TYPE၊ RC(၈)ထပ် အဆောက်အဦမှ ဧရိယာ (၃၁၂)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းတွင်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးထိန်ဝင်းနိုင် [၆/ကသန(နိုင်)၀၄၇၈၀၈] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးသုတသင် [၉/မခန(နိုင်)၁၉၄၈၀၄] နှင့် ဒေါ်ကေခိုင်ထွန်း [၁၄/မမန(နိုင်)၁၈၉၁၀၂] တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသုတသင် နှင့် ဒေါ်ကေခိုင်ထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်သိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂)**
**ဖုန်း-၀၉-၅၄၀၁၉၄၀**

**ဒေါ်မေမီလှိုင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၆၅)**
**ဖုန်း-၀၉-၄၂၈၂၂၇၃၁၃**

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇၊ လူနေရပ်ကွက်အမှတ်-၆/၁၃၊ စစ်တောင်းလမ်း၊ မြေကွက်အမှတ်-၄၀(က)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဒေါ်စမ်းစမ်းဝေ အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင်ဒေါ်ဟွန်ဆွေလင်း[၁၃/လရန(နိုင်)၁၀၁၅၄၄]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးညိုသင်း[၅/ဘတလ(နိုင်)၀၆၃၁၄၅]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးညိုသင်း[၅/ဘတလ(နိုင်)၀၆၃၁၄၅]**
**အမှတ်-၁၀၉ ၊ ပြည်ထောင်စုလမ်း၊**
**(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလွင်(LL.B.,D,B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)**
**အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၉၆၈၉**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အိမ်အမှတ်(၁၁၂/ခ) နေ ဦးသန့်ဇင်ဦး (ခ)ဦးသားညီ [၁၄/မမက(နိုင်)၁၈၂၅၂၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ ဦးသန့်ဇင်ဦး(ခ)ဦးသားညီ [၁၄/မမက(နိုင်)၁၈၂၅၂၆] နှင့် ဒေါ်မျိုးပပဇော် [၁၂/သကတ(နိုင်)၁၆၈၁၆၃] ကိုင်ဆောင်သူတို့သည် (၂၀၀၆)ခုနှစ်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်လာခဲ့ပြီး တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ဗိုလ်တထောင်ခရိုင်တရားရုံး၌ (၁၅-၃-၂၀၂၄) ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲခဲ့ပါသည်။ ထို့ကြောင့် တစ်ဦး၏ကိုယ်ရေးကိုယ်တာကိစ္စဟူသမျှကို တစ်ဦးဦးက ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေမည့်ကိစ္စများ ပြုမူ ပြောဆိုဆောင်ရွက်ခြင်းတို့ကို မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး တည်ဆဲတရားဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်းမိုး (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၀၇၁) (၃၀-၆-၂၀၂၀)**
**အမှတ်(၁၀၁)၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-09-455588586, 09-777145012**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်းနှင့်လမ်း(၂၀)ကြား၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၆၆၃/၆၆၅) နေ **ဒေါ်ခင်မီမီဝင်း[၁၂/လသန(နိုင်)၀၂၁၆၀၄]**သည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ် အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်**(၄/၈၁၂၇)**ဖြင့် (၁၃-၉-၂၀၂၃) ရက်နေ့တွင် မိမိတစ်ဦးတည်းပိုင်အဖြစ် မှတ်ပုံတင်ထားခဲ့ပြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ ကုန်အမှတ်တံဆိပ်အား ပြန်လည်မှတ်ပုံတင်လျှောက်ထားပြီးဖြစ်သည့်အပြင် WIPO Application Number ရရှိထားပြီး ယခုအချိန်ထိ အသုံးပြုလျက်ရှိသော အမှတ်တံဆိပ်ဖြစ်ပါသည်။




**မှတ်ပုံတင်စာချုပ်အမှတ် - ၄/၈၁၂၇/၁၃-၉-၂၀၂၃**
**WIPO Application No - T/2023/012431**

အထက်တွင်ရိုက်နှိပ်ဖော်ပြထားသော " **SK DIAMONDS** " ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် စိန်နှင့်ရွှေထည်၊ ငွေထည်၊ အဖိုးတန်ကျောက်မျက်များနှင့် လက်ဝတ်ရတနာများကို ထုတ်လုပ်သွားမည်ဖြစ်ပြီး၊ ယင်းစိန်နှင့်ရွှေထည်လက်ဝတ်ရတနာ အစရှိသည့် ပစ္စည်းအမျိုးမျိုး ထည့်သွင်းအသုံးပြုသောပစ္စည်းများနှင့် ထုပ်ပိုးပစ္စည်း၊ ကုန်ပစ္စည်းများ အစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတို့ကို ကပ်နှိပ်၊ ဖိနှိပ်၊ ရိုက်နှိပ်၍လည်းကောင်း၊ ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို လုပ်ငန်းများနှင့်ဆက်နွှယ်သည့်စာရွက်စာတမ်းများ Social Media ကြော်ငြာများ၊ ဆိုင်းဘုတ်များတွင်လည်းကောင်း၊ ထိုအမှတ်တံဆိပ်အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချီသုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ဆင်တူယိုးမှား အတုပြုလုပ်သုံးစွဲခြင်း မပြုလုပ်ရန်နှင့် အကယ်၍ လိုက်နာခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မီမီဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးသက်လွင်ဦး(စဉ်-၁၈၃၃၉)**
**LL.B, LL.M, D.B.L, D.M.L, D.I.L,**
**PGDL, WIPO (Switzerland)**

**ဒေါ်နှင်းအိခိုင်(စဉ်-၁၈၂၄၀)**
**LL.B, LL.M, PGDL, D.A, D.M.A.C,**
**WIPO (Switzerland)**

**ဦးစောမင်းနိုင်မိုး(စဉ်-၄၉၁၉၆)**
**LL.B, LL.M,D.I.L**
**WIPO (Switzerland)**

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**

**အမှတ်(၄၄/၅၆)၊ ကမ်းနားလမ်း နှင့်(၄၁)လမ်းထောင့်၊ အခန်းအမှတ်(၈၀၂)၊**
**M.M.G Towerr ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁၇၄၂၂၉၊ ၀၉-၄၃၀၉၀၇၈၂**




## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါကြောင်း

ဦးတင်ဦး၏သား မောင်မျိုးသက်ထွန်း [၁၂/တမန(နိုင်)၁၃၉၉၅၃] သည် မိဘညီကိုမောင်နှမများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိသားစုဂုဏ်သိက္ခာ ညှိုးနွမ်းထိခိုက်သည့် ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို လုပ်ဆောင်သွားပါ၍ ဖခင်ဖြစ်သူက အမွေခံသားအဖြစ်မှ လုံးဝစွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် မောင်မျိုးသက်ထွန်းနှင့်ပတ်သက်ဆက်နွှယ်သော မည်သည့်ကိစ္စကိုမှ လက်ခံတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးတင်ဦး**
**(SRGN-၀၀၃၁၈၀)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်မြင့် (စဉ်-၁၃၄၃၃) (LL.B,D.B.L,D.I.L)**
**ဒေါ်ဖြူဝေဝေအောင် (စဉ်-၁၈၂၅၀) (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေများ**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09-450598624, 09-777291775**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်ဆုပန်လမ်း၊ အမှတ်(၃၈၉)(၅)လွှာ(B) နေ ဦးဌေးလွင် [၁၂/ဗဟန(နိုင်)၀၄၇၇၂၂]၊ ဒေါ်အမာနီ[၁၂/ဗဟန(နိုင်)၀၄၅၉၅၀]တို့၏သား မောင်ဇော်ဇော်လွင်[၁၂/ဒဂတ(နိုင်)၀၀၀၆၅၈]သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘကိုစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူနေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **ဦးဌေးလွင်+ဒေါ်အမာနီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကော့မှူးမြို့နယ်၊ ပိန္နဲကုန်း ကျေးရွာအုပ်စု၊ ဆင်ခြံကျေးရွာ၊ အိမ်အမှတ်(၄)၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်ခင်ခင်စန်း[၁၂/ကမန(နိုင်)၀၆၇၃၁၄]၏သားဖြစ်သူ မောင်ဝေယံမင်းထက်[၁၂/ကမန(နိုင်)၁၅၁၃၉]ကိုင်ဆောင်သူသည် (၉-၂-၂၀၂၄) ရက်နေ့တွင် မိဘ၏ သွန်သင်ဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ မိမိ၏သဘောဆန္ဒအရ နေအိမ်မှထွက်ခွာသွားပါသည်။ ထိုသို့ပြုလုပ်ခြင်းကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**မိခင်**
**ဒေါ်ခင်ခင်စန်း**
**[၁၂/ကမန(နိုင်)၀၆၇၃၁၄]**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၈)လမ်း၊ အမှတ်(၁၀၅/အေ)နေ ဒေါ်ခင်မေရီ [၁၃/ရငန(နိုင်)၀၀၀၉၉၅]၊ ဦးထက်မြက်သူ [၁၂/ဥကမ(နိုင်)၁၈၇၆၃၂]နှင့် ဒေါ်စုဝါဝါ [၁၃/တကန(နိုင်)၁၈၉၅၆၄] တို့၏လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း သတိပေးကြေညာတားမြစ်လိုက်သည်-

အထက်ပါကျွန်ုပ်၏အမှုသည်များသည် မိမိတို့၏အသက်အရွယ်အလိုက် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်ကြပြီး ဖုန်း၊ အင်တာနက်, Facebook, Messenger, Viber, Youtube, Instagram, Telegram များတွင် ၎င်းတို့၏ဂုဏ်သတင်းကျော်စောနေမှုကို ထိခိုက်ပျက်ပြားစေသည့် အရေးအသားများ အပြုအမူများ၊ ငွေကြေးနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို ပြုလုပ်နေကြောင်း၊ ပြုလုပ်ရန်ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်နေမှုများကို မြင်တွေ့သိရှိနေရပါသည်။

အဆိုပါအမည်ကိုအသုံးပြုပြီး ဖုန်းများကို Hack ၍ ငွေကြေးလိမ်လည်မှုများဖြစ်ပေါ်လာပါက တာဝန်ယူဖြေရှင်းလိမ့်မည်မဟုတ်သည့်အပြင် အဆိုပါအမည်ကို ထိခိုက်စေသည့်အပြုအမူများ၊ အရေးအသားများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကျွန်ုပ်အမှုသည်၏အမည်များကို လူမှုကွန်ရက်စာမျက်နှာများတွင်ဖြစ်စေ၊ လူမှုပတ်ဝန်းကျင်တွင်ဖြစ်စေ ၎င်း၏ဓာတ်ပုံများကိုအသုံးပြု၍ဖြစ်စေ၊ ခြိမ်းခြောက်ခြင်း၊ ဂုဏ်သိက္ခာထိခိုက်စေသည့် အပြုအမူ၊ အပြောအဆိုများအားလုံးကို လုပ်ဆောင်ခြင်းပြုလုပ်ခဲ့ပါကလည်းကောင်း၊ ဆက်လက်မလုပ်ဆောင်ကြရန်နှင့် ထိုကဲ့သို့ပြုမူပြောဆိုဆောင်ရွက်နေသူ မည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ တရားရုံး၏ အဆုံးအဖြတ်ကိုခံယူနိုင်ရန်အတွက် တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာတားမြစ်လိုက်သည်။

**အမှုသည်များ၏ လွှဲအပ်ညွှန်ကြားချက်များအရ**
**ဦးအောင်ခင် (စဉ်-၃၈၂၆/၈၆)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံး-A-9, အမှတ်(၅၀)၊ ဘဏ်လမ်း၊ (ပ)ထပ်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အငယ်တန်းအင်ဂျင်နီယာ (၂) (လျှပ်စစ်/စက်မှု/ဆက်သွယ်ရေး) လူတွေ့စစ်ဆေးအောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းလက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တန်း အငယ်တန်းအင်ဂျင်နီယာ (၂) (လျှပ်စစ်/အီလက်ထရောနစ်/လျှပ်စစ်ဆက်သွယ်ရေး) ရာထူးများတွင် ဖြည့်စွက်ခန့်ထားရန်အတွက် လူတွေ့စစ်ဆေးမှုအောင်မြင်သူစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည် -

YESC – 01 ၊ YESC – 02 ၊ YESC – 03 ၊ YESC – 04 ၊ YESC – 05 ၊ YESC – 06 ၊ YESC – 07 ၊ YESC – 08 ၊ YESC – 09 ၊ YESC – 10၊ YESC – 11 ၊ YESC – 12 ၊ YESC – 13 YESC – 14 ၊ YESC – 15 ၊ YESC – 16 ၊ YESC – 18 ၊ YESC – 19 ၊ YESC – 21 ၊ YESC – 22 ၊ YESC – 23 ၊ YESC – 24 ၊ YESC – 25 ၊ YESC – 26 ၊ YESC – 27 ၊ YESC – 28 ၊ YESC – 29 ၊ YESC – 31 ၊ YESC – 32 ၊ YESC – 33 ၊ YESC – 34 ၊ YESC – 35 ၊ YESC – 36 ၊ YESC – 37 ၊ YESC – 38 ၊ YESC – 39 ၊ YESC – 40 ၊ YESC – 41 ၊ YESC – 42 ၊ YESC – 43၊ YESC – 44 ၊ YESC – 46 ၊ YESC – 47 ၊ YESC – 49 ၊ YESC – 51 ၊ YESC – 52 ၊ YESC – 55 ၊ YESC – 58 ၊ YESC – 59 ၊ YESC – 61၊ YESC – 62 ၊

၂။ လူတွေ့အောင်မြင်သူများသည် (၂၅-၃-၂၀၂၄) ရက်နေ့ (၁၆:၀၀) နာရီထက်နောက်မကျဘဲ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ရုံးချုပ်၊ စီမံရေးဌာနသို့ လူကိုယ်တိုင်သတင်းပို့ရမည်ဖြစ်ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် စာချုပ်ချုပ်ဆိုမှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။ သတ်မှတ်ရက်အတွင်း သတင်းပို့ရန်ပျက်ကွက်ပါက ခန့်ထားရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့(၃)လမ်း၊ အမှတ်(၃၉) တွင် တရားဝင်နေထိုင်သူများဖြစ်ကြသည့် ၁။ ဦးကျော်အောင်[၇/ဒဥန(နိုင်)၀၁၁၅၈၀] ၂။ ဒေါ်ခင်မာလွင် [၁၂/သကတ(နိုင်)၀၇၉၃၉၂] ကိုင်ဆောင်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့(၃)လမ်း၊ အမှတ်(၃၉)၊ မြေကွက်အမှတ်(၂၉၁/ခ)၊ မြေတိုင်းရပ်ကွက်(၇)၊ ဧရိယာ(၀.၀၂၇)၊ စတုရန်းပေ(၁၂၀၀)ပေ၊ (အလျားxအနံ) (၂၀ ပေ x ၆၀ ပေ) အကျယ်အဝန်းအနက်မှ ခြေရင်းဘက်ခြမ်းဖြစ်သည့် (အလျား x အနံ) (၁၀ ပေ x ၆၀ ပေ) အကျယ်အဝန်းရှိမြေကွက်နှင့် နေအိမ်အဆောက်အဦတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက် ဒေါ်ခင်ခင်လေးမှ ရောင်းချထားပြီး အဆက်အစပ်စာချုပ်မူရင်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အိသူလွင်[၁၂/သကတ(နိုင်)၁၄၈၁၄၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ၁။ ဦးကျော်အောင် [၇/ဒဥန(နိုင်)၀၁၁၅၈၀] ၂။ ဒေါ်ခင်မာလွင်[၁၂/သကတ(နိုင်)၀၇၉၃၉၂] တို့သည် (၁-၁၁-၂၀၁၈) ရက်နေ့တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ဥပဒေနှင့်အညီ လက်ရောက်လက်ခံ ဝယ်ယူနေထိုင်ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အဦတို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ၁။ ဦးကျော်အောင် ၂။ ဒေါ်ခင်မာလွင်တို့၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ မြေငှားဂရန်အမည်ပြောင်းလဲခြင်း၊ မြေတိုင်းတာခြင်းနှင့် အခြားသောကိစ္စရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှ သိရှိခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ကျော်လှိုင်**
**LL.B, D.B.L, W.I.P.O (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၆၀)**
**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊**
**သာကေတမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၆၂၄၈၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ဒေါ်မျိုးမျိုးဝင်း [၁၂/ဒလန(နိုင်)၀၅၇၁၉၇]၏ သား မောင်ရဲထက်[၁၂/ဒလန(နိုင်)၀၉၁၅၇၄]သည် မိဘ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူကြောင့် ရာသက်ပန် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင်တွင် မောင်ရဲထက်[၁၂/ဒလန(နိုင်)၀၉၁၅၇၄]နှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေး၊ အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာနှင့်အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်ရဲထက်[၁၂/ဒလန (နိုင်)၀၉၁၅၇၄] နှင့် အများသိစေရန် ကြေညာအပ်ပါသည်။
စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**(မိခင်)**
**ဒေါ်မျိုးမျိုးဝင်း[၁၂/ဒလန(နိုင်)၀၅၇၁၉၇]**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိရှိနိုင်စေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မြင်တော်သာလမ်း၊ အိမ်အမှတ်(၃၆၈) နေ ဦးခင်ဇော်[၁၂/သကတ(နိုင်) ၁၀၈၀၈၉] နှင့် ဒေါ်ခင်မမျိုး [၁၂/ဒပန(နိုင်)၀၂၇၀၉၉] ကိုင်ဆောင်သူတို့၏ သမီးဖြစ်သူ ဒေါ်မျိုးပပဇော်[၁၂/သကတ(နိုင်)၁၆၈၁၆၃]ကိုင်ဆောင်သူသည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ ပတ်သက်စပ်ယှက်မှုမရှိပါကြောင်းနှင့် ပြဿနာများကိုလည်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

**ဖခင် -ဦးခင်ဇော်**
**[၁၂/သကတ(နိုင်) ၁၀၈၀၈၉]**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေး စနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **သစ်တောများ တည်ရှိရှင်သန်နေခြင်းသည် "အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့် အနာဂတ်၏ ဖွံ့ဖြိုးမှု" ဖြစ်သည့်အတွက် စနစ်တကျ ပြုစုထိန်းသိမ်းရန် အလွန်အရေးကြီး......**

(နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃ ခုနှစ်၊ ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားမှ အမှာစကား ကောက်နုတ်ချက်)

# ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား ကျောက်ရထားဖြတ်သန်းစဉ် မိုင်းပေါက်ကွဲ၍ ရထားလမ်းချော်ကျမှုဖြစ်ပွားကာ ရထားခရီးစဉ်များ ကြန့်ကြာမှုဖြစ်



ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ကျောက်ရထားစက်ခေါင်းနှင့်တွဲများ လမ်းချော်ကျမှုအခြေအနေ။

နေပြည်တော် မတ် ၁၈

ပဲခူး-မော်လမြိုင်လမ်းပိုင်း၌ သဲဖြူကုန်းမှ ကလိ ခရီးစဉ်အဖြစ် ထွက်ခွာလာသည့် အမှတ်(၆၈၆)အစုန် ကျောက်ရထားသည် မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ဘူတာမှ ယနေ့ နံနက် ၆ နာရီ ၅၅ မိနစ်တွင် ထွက်ခွာပြီး သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ် (၁၂၃/၁-၁၂၂/၂) အကြား ဖြတ်သန်းစဉ် နံနက် ၇ နာရီ ၁၀ မိနစ်တွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲသော မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ရထားတွဲဆိုင်းတွင် ပါရှိသော မိုင်းကာတွဲအပါအဝင် စက်ခေါင်းနှင့်အတူ စက်ခေါင်းနောက် ကပ်လျက်ရှိသည့် အများပြည်သူသုံးကျောက်များ၊ အိမ်ထောင်ပြောင်းပစ္စည်းများ၊ ပါဆယ်ပစ္စည်းများ ပါဝင်သည့် တွဲခြောက်တွဲတို့ လမ်းချော်ကျမှုဖြစ်ပွားခဲ့သည်။

ဆက်လက်ပို့ဆောင်ပေး

အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသော အမှတ်(၈၁)အဆန် လူစီးရထားသည် နံနက် ၉ နာရီ ၁၀ မိနစ်တွင် ပဲခူးဘူတာသို့ အချိန်မှန်ရောက်ရှိ/ထွက်ခွာ၍ ကျိုက်ထိုဘူတာသို့ မွန်းလွဲ ၁၂ နာရီ ၆ မိနစ်တွင် ရောက်ရှိရပ်နားကာ ရထားတွင်လိုက်ပါစီးနင်းသည့် ခရီးသည် ၄၄၉ ဦးအား မော်တော်ယာဉ် ခုနစ်စီးဖြင့် သထုံဘူတာသို့ မွန်းလွဲ ၁ နာရီတွင် ပို့ဆောင်ပေးခဲ့ပြီး နံနက် ၉ နာရီ ၁၀ မိနစ်တွင် မော်လမြိုင်မှ စတင်ထွက်ခွာလာသည့် အမှတ်(၈၂) အစုန်ရထားသည်

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

**အာဆီယံဒေသတွင်းကလေးများအား အန္တရာယ်ဖြစ်သော အစားအသောက်နှင့် အဖျော်ယမကာများ ရောင်းချခြင်းများမှ ကာကွယ်ရန် အခြေခံစံနှုန်းများနှင့် လမ်းညွှန်ချက်များ မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပ**

စာမျက်နှာ » ၁၀

---

**ရာသီကြက်ဆောင်း လတပေါင်း**

ဆောင်းပါး စာမျက်နှာ » ၁၁

---

**ကလေးမြို့ရှိ ဆည်မြောင်းရုံးနှင့် သစ်တောရုံး မီးလောင်ပြာကျမှု လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ချက်ဖြစ်ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၅

# အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်တွင် ကိုဗင်ထရီအသင်းနှင့် မန်ယူအသင်း၊ မန်စီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေ



မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေ ယှဉ်ပြိုင်ကစားပြီးချိန် ဆီမီးဖိုင်နယ်အဆင့်မှာ ချန်ပီယံရှစ်ကလပ် ကိုဗင်ထရီစီးတီး အသင်းဟာ မန်ယူအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေပြီး လက်ရှိအက်ဖ်အေဖလား ချန်ပီယံ မန်စီးတီးအသင်းကတော့ ချယ်လ်ဆီးအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေတာလည်းဖြစ်ပါတယ်။

ကိုဗင်ထရီစီးတီး အသင်းဟာ အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်မှာ ဝုလ်ဗာဟမ်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ✻